မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၁၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့။

ထူးခြားသည့် ညအပူချိန်များ

၂၂-၁-၂၀၁၃

လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆ ဒီဂရီစင်တီဂရိတ်

၂၃-၁-၂၀၁၃ တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.AK Antony အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. AK Antony ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဆန်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Dr. V.S Seshadri လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အစိုးရချင်းသာမက ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုဖြစ်ထွန်းရေး၊ ဒေသတွင်း ပြောင်းလဲနေသော အခြေအနေများအရ နှစ်နိုင်ငံ ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှ၏ ပေါင်းကူးဖြစ်သည့်အတွက် အိန္ဒိယ-မြန်မာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့၌ စီးပွားရေးဇုန်များ ဖော်ဆောင်မည်

အာကာဟိန်း-ရေးသည်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို နိုင်ငံတကာအဆင့်မီစီးပွားရေးမြို့တော်အဖြစ် ရောက်ရှိလာစေရန် ကြိုးစားနေသည်။ ရန်ကုန်မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လူနေအဆောက်အအုံကို အဆင့်မြင့်တည်ဆောက်မှုများအဖြစ် အိမ်ရာသစ်စီမံကိန်းများလည်း အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့တွင် စီးပွားရေးဇုန်တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။

"ရန်ကုန်မြို့ကို အဆင့်မြင့် စီးပွားရေးမြို့တော်တစ်ခု အဖြစ် ရောက်ရှိလာဖို့ မဟာဗျူဟာစီမံကိန်းတွေရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီ စီမံကိန်းတွေ အနက် ဦးစားပေးစီမံကိန်းတွေကို ၂၀၁၄ ခုနှစ်မှာ အသေးစိတ် ဒီဇိုင်းရေးဆွဲသွားဖို့ အစီအစဉ်ရှိပါတယ်။ လာမယ့် မတ်လနဲ့ စက်တင်ဘာလအတွင်းမှာ ရွှေ့ပြောင်းလေ့လာမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လောလောဆယ်တွင် ရန်ကုန်မြို့၌ စီးပွားရေးဇုန်များဖော်ဆောင်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဒီဇိုင်းရေးဆွဲနေပြီ ဖြစ်သည်။ ထိုသို့ ဒီဇိုင်းရေးဆွဲမှုကို လာမည့် ဖေဖော်ဝါရီလအတွင်း အပြီးရေးဆွဲသွားရန် စီစဉ်လျက်ရှိသည်။

ရန်ကုန်မြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးဇုန်များ အကောင်အထည်ဖော်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အမ်စီစီခန်းမနေရာအနီးဝန်းကျင်ဧရိယာနှင့် ဝိတိုရိယဆေးရုံအနီး မြေနေရာ

စာမျက်နှာ ၉ ကော်လံ ၂ ▲

ယနေ့ မာတိကာ

လက်ရှိမြန်မာအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း တညီတညွတ်တည်း ထောက်ခံပြောဆို

ခေါင်းကြီး *စာမျက်နှာ - ၂*

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေးဆောင်ရွက်မှုအား သတင်းထုတ်ပြန်

စာမျက်နှာ - ၉

အနိုင်ရလဒ်ဖော်ဆောင်ဖို့ လိုအပ်နေတဲ့ ဂျူပင်တပ်စ်ရဲ့ ပွဲစဉ် (၂၂) *စာမျက်နှာ - ၁၃*

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာပြည်သူများအတွက်

ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အစည်းအဝေးကို နေပြည်တော်၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက လက်ခံကျင်းပခဲ့သည်။

၎င်းအစည်းအဝေးကြီးသည် မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၅၀ကျော်အတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေးကြီးလည်းဖြစ်ပေသည်။ ယင်းအစည်းအဝေးသို့ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၅၇ ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့သည်။

ထိုအစည်းအဝေးကြီးက မြန်မာနိုင်ငံ၏ လက်ရှိပကတိဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများပေါ်မူတည်ပြီး နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းကူညီ ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ အထူးသဖြင့် မြန်မာပြည်သူများ စီးပွားရေး၊ လူမှုရေးတိုးတက်ခိုင်မာလာစေရန် နိုင်ငံတကာအဖွဲ့အစည်းများက ချမှတ်ထားသော မူဘောင်များအရ ကူညီဆောင်ရွက်သွားကြရန် ကတိကဝတ်ပြု ပြောခဲ့ကြပါသည်။ ယင်းတို့အနေဖြင့် လက်ရှိမြန်မာအစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း တညီတညွတ်တည်း ထောက်ခံပြောဆိုခဲ့ကြပါသည်။

ထို့အပြင် တက်ရောက်လာကြသော နိုင်ငံတကာကိုယ်စားလှယ်များအနေဖြင့် မြန်မာအစိုးရပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များတွင် အကူအညီအထောက်အပံ့များကို အကျိုးရှိစွာသုံးစွဲပြီး အထောက်အပံ့များ ပိုမိုရရှိစေရေး ကူညီဆောင်ရွက်ပေးရန်လည်း သဘောတူညီခဲ့ကြသည်။

ထိုသို့ မြန်မာနိုင်ငံအား နိုင်ငံတကာအကူအညီများပေးရေးဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာ ဦးစားပေးကဏ္ဍများ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ ယင်းအစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် မြန်မာပြည်သူပြည်သားများ အားလုံးအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်မှုများသည် တဖြည်းဖြည်း ခိုင်မာလာမည်ဖြစ်သည်။ မြန်မာပြည်သူတစ်ရပ်လုံးအတွက် အကျိုးစီးပွားများ တိုးတက်သည်ထက် တိုးတက်အောင်မြင်လာမည်ဖြစ်သည်။ ။

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ

မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ပြည်တွင်းသတင်း

ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) တို့နှင့် ဂျပန်နိုင်ငံ University of Miyazaki တို့၏ ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် (Agreement of Academic Cooperation) သဘောတူညီမှု လက်မှတ်ရေးထိုးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)၌ကျင်းပရာ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဂျပန်နိုင်ငံ University of Miyazaki မှ President Professor TatsuoSuganuma နှင့်အဖွဲ့တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဝအမောပြေ **လိုဟဲ**

အဒေါ်ကြီးတစ်ဦး အများသုံးတယ်လီဖုန်းရုံသို့ရောက်လာပြီး ရပ်ဝေးတွင် အလုပ်သွားလုပ်နေသည့် သားဖြစ်သူထံ တယ်လီဖုန်းခေါ်ပေးပါရန် ပြောသည်။ ဖုန်းတာဝန်ခံက တယ်လီဖုန်းနံပါတ်မေးပြီး ခေါ်ပေးသည်။ တစ်ဖက်မှ ပြန်ထူးသံကြားသဖြင့်-

ဖုန်းတာဝန်ခံ။ ။ အဒေါ် ပြောလို့ရပြီ။

အဒေါ်ကြီး။ ။ (ဖုန်းကိုလှမ်းပြောင်းယူပြီး) ဟဲလို၊ ဟဲလို၊ ဟဲလို. . . ဟင် ဘာမှလည်း မကြားရပါလား။

ဖုန်းတာဝန်ခံ။ ။ ပြောင်းပြန်ဖြစ်နေတယ်လေ အဒေါ်ရဲ့။

အဒေါ်ကြီး။ ။ (အသံအနည်းငယ်မြှင့်လျက်) လိုဟဲ၊ လိုဟဲ၊ လိုဟဲ. . . ဟွန့်. . . ကြားလည်း မကြားရဘူး။

ဖုန်းတာဝန်ခံ။ ။ တယ်လီဖုန်း စကားပြောခွက်က နားဘက်ကို ရောက်နေပြီး နားထောင်တဲ့ခွက်က ပါးစပ်ဘက်ကို ရောက်နေလို့ ပြောင်းပြန်ဖြစ်နေတယ်ပြောတာ အဒေါ်ရဲ့။

အဒေါ်ကြီး။ ။ ဩော်. . . သိပါဘူး၊ ငါက ဟဲလို ဆိုတာ ပြောင်းပြန်ဖြစ်နေတယ်ထင်လို့ လိုဟဲ လို့ ပြင်ပြောနေတာ။ ဟီး. . . ။

သုဝန့ (ငွေတောင်ပြည်)

ကားကျပ်ခြင်းမှ ကင်းဝေးအောင် ကားသေးဆောင်ပါမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ယာဉ်ကြောပိတ်ဆို့မှုများနှင့် နေ့စဉ်ဖြတ်သန်းနေကြရသည့် ငွေကြေးတတ်နိုင်သူများအဖို့ ကိုယ်ပိုင်ကားဝယ်ယူရန် ရွေးချယ်ရာ၌ ကားအဝင်အထွက် လွယ်ကူစေရန်အတွက် ကားသေးများကိုသာ ရွေးချယ်လာကြကြောင်း ကားဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။ "ရန်ကုန်မြို့မှာ ကားနည်းနည်းကြီးတာနဲ့ ကိုယ့်ဒုက္ခကိုယ်ရှာသလိုဖြစ်နေပြီ။ ကားလမ်းကြောတွေက အားလုံးပတ်နေတာ။ မြို့ထဲသွားချင်ရင် နံနက် ၈ နာရီ မထိုးခင်နဲ့ ည ၈ နာရီ နောက်ပိုင်းကိုသွားမှပဲ အဆင်ပြေလိမ့်မယ်။ အဲဒီတော့ ကားရွေးချယ်တဲ့နေရာမှာ ကားသေးလေးတွေ လူပိုကြိုက်လာတာပါ။ မီးပွိုင့်မှာ ဘေးလိုင်းကျော်ပြီး ဖြတ်တက်ချင်တယ်ဆိုရင်လည်း ကားသေးတော့ အဆင်ပြေတယ်။ လမ်းတောင်းလည်း ကားသေးတော့ ဝင်ခွင့်ပေးကြတယ်။နောက်ပြီး ကားပါကင်နေရာရှာရတာတွေမှာ ကားသေးပိုင်ရှင်တွေက အရမ်းအဆင်ပြေနေတော့ ကားကြီးပိုင်ရှင်တွေတောင် ကားသေးပြောင်းစီးလာကြတယ်"ဟု ကားဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ဇေယျာထွန်းက ပြောပြသည်။ ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြေလည်မှုနည်းလမ်းများ ရရှိနိုင်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိနေသော်လည်း လက်ရှိတွင်မူ ရုံးတက်ရုံးဆင်းချိန်များ၌ ကားများ ပိတ်ဆို့မှုကို မြို့နယ်အများစုတွင် ခံစားနေကြရပြီး မြောက်ဥက္ကလာပမြို့နယ်မှ ခရီးသည်တင်ကားဖြင့် ယုဇနပလာဇာသို့ အလုပ်ဆင်းသူများအနေနှင့် ခရီးသည်တင်ကားပေါ်တွင် ကြာချိန်မှာ ၁ နာရီ ၄၅ မိနစ်ခန့်ရှိကြောင်း သိရှိရသည်။

"ကားတွေကျပ်တော့ အခုကားသေးတွေ အရောင်းအဝယ်ဖြစ်လာတာပေါ့။ ဟိုနားဒီနားအတွက် ဈေးသက်သက်သာသာနဲ့ စီးလို့ရမယ့်ချယ်ရီနဲ့ ဆူဇူကီး အာပလပ်စ်တွေနည်းနည်း ပြန်အရောင်းအဝယ်ဖြစ်လာတယ်။ နောက်ပြီး အသစ်တွေထဲကဆိုရင် ဆွစ်ဖ်၊ ဘေလ်တာတို့တွေ လူကြိုက်များလာပါတယ်။ ဈေးနှုန်းတွေကတော့ ပုံမှန်ပါပဲ။ ဒါပေမယ့် ရာသီစာအနေနဲ့ ကားတွေပိတ်နေတဲ့ အချိန်ဆိုတော့ ကားသေးလေးတွေ အရောင်းအဝယ်ဖြစ်တဲ့သဘောမျိုးပါ။ အင်ဂျင်ပါဝါကလည်းသေးမယ်၊ ကားဘော်ဒီပိုင်းအားဖြင့်လည်းသေးမယ်၊ ပေါ့မယ်ဆိုတော့ သွားရတာလည်း အဆင်ပြေတယ်လေ" ဟု ကားအံ့နာတစ်ဦးက သူ့အမြင်ကို ပြောပြသည်။

လက်ရှိတွင် ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှု အစီအစဉ်အတွင်း ပါဝင်အပ်နှံမှုများ၌ ယခု ဇန်နဝါရီလဆန်းပိုင်းအထိ အပ်နှံပြီး ကားအရေအတွက်မှာလည်း အစီးရေ ၇၁၀၀၀ ခန့် ရှိနေပြီဖြစ်ကာ ယခုလည်း ဘ အက္ခရာကားများ ဆက်လက် လက်ခံနေသည့်အတွက် နောက်ပိုင်းတွင် အသစ်ဝင်ရောက်လာမည့် ကားအရေအတွက်မှာလည်း ဆက်လက်မြင့်တက်နေနိုင်ရာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကိုလည်း ဆက်လက် ကြုံတွေ့လာနိုင်ကြောင်း သိရှိရသည်။

ခင်ရတနာ

ထင်သာမြင်သာ ပြုပြင်စရာ

သူ့နေရာနှင့် သူ့စည်းကမ်းလေးများ လိုက်နာကြစေချင်

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး (ကြည့်မြင်တိုင်)

တူမတစ်ဦးက သူဘွဲ့ယူလျှင်ဓာတ်ပုံလိုက်ရိုက်ပေးရမည်ဟု ပူဆာသဖြင့် တူမမိသားစုနှင့်အတူ ရန်ကုန်တက္ကသိုလ်ဝင်းသို့လိုက်ခဲ့မိပါသည်။

မိမိလိုက်ပါစီးနင်းလာသည့် ကားကိုလမ်းတစ်ဝက်ရောက်ကာမှ သတိပြုမိသည်။ ကားလေးက ယနေ့ခေတ်စားနေသော Pro box အသစ် စက်စက်ကားလေးပင်ဖြစ်ပါသည်။ သို့သော် ကားခေါင်မိုးပေါ်၌ Taxi ဘုတ်နှင့် နံပါတ်အနီငှားယာဉ်လေးဖြစ်နေသည်။

ယခင်က ဘွဲ့ယူအခမ်းအနားရှိ အဓိပတိလမ်းမပေါ်သို့ ကိုယ်ပိုင်အနက်ယာဉ်ဖြင့်သာ ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ Taxi ကားများ လုံးဝ ဝင်ခွင့်မရခဲ့ချေ။ ထို့ကြောင့် ဘွဲ့ယူသူမိသားစုများအနေဖြင့် နံပါတ်အနက်တပ်ကားများကို ရှာငှားရသည်မှာ ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်ခဲ့သည်။

ယခုအခါ Taxi **(အောက်ပုံ)**ကားလေးဖြင့် အထဲအထိ ဝင်ခွင့်ပြုလိုက်သည့်အတွက် ဘွဲ့ယူသူအပါအဝင် လိုက်ပါအားပေးကြသည့် မိဘဆွေမျိုးအားလုံး စိတ်ချမ်းမြေ့ခဲ့ရသည်။ သက်သောင့်သက်သာ မပင်မပန်း ဘွဲ့နှင်းသဘင်ခန်းမနားအထိ ရောက်ခဲ့ကြရသည်။

နံပါတ်အနက်ယာဉ်ဖြင့်ဆိုပါက ခရီးအကွာအဝေးကိုလိုက်၍ သောင်းချီပေးကြရသည်။ အကြိုတစ်ရက်နှင့် ဘွဲ့ယူသည့်တစ်ရက် နှစ်ရက်ဆိုပါက အနည်းဆုံးငွေကျပ် လေးသောင်းမှ ငါးသောင်းအထိ ခရီးစရိတ်အတွက် ပင်ပန်းခဲ့ရသည်။

သစ်ပုတ်ပင်ဘက် ကားရပ်နားဝင်းထိပ်၌ ကားများအတွင်းသို့ဝင်ရန် လမ်းညွှန်ပြပေးနေသော ဝန်ထမ်းတစ်ဦးအား မေးကြည့်ရာ "ပြီးခဲ့တဲ့ အောက်တိုဘာလ ဘွဲ့ယူအခမ်းအနားကတည်းက အခုလို Taxi တွေနဲ့ ဝင်ခွင့်ပေးလိုက်တာပါ။ ဒါပေမယ့် ဦးလေးရယ် ကားအတော်များများက စည်းကမ်းလိုက်နာမှု အားနည်းကြတယ်။ ရပ်နားဝင်း လေးခုရှိတယ်။ Taxi အချို့က အဲဒီအထဲသွားရပ်ပြီး ခရီးသည် (ဘွဲ့ယူလာသူများ)ကို ချမပေးကြဘူး။ အဓိပတိလမ်းမကြီးပေါ်မှာပဲ ချပေးသွားကြတယ်။ အလျင်စလို ပြန်ကွေ့သွားကြတော့ အခုလိုစည်ကားတဲ့အချိန်မှာ အလွန်အန္တရာယ်များပါတယ်။ သက်ဆိုင်ရာလူကြီးတွေက အားလုံးအဆင်ပြေစေဖို့အတွက် လုပ်ပေးတာကို စည်းကမ်းနဲ့အညီ ဝင်ထွက်စေချင်တယ်"ဟု သူဆောင်ရွက်နေရသော အတွေ့အကြုံ အခက်အခဲများကို ပြောပြပါသည်။

ထို့ကြောင့် ယခင်လို အနက်ယာဉ်များသာ သီးသန့်ဝင်ခွင့်ရခြင်းမဟုတ်ဘဲ Taxi များပါ ဝင်ခွင့်ရလာသည့်အတွက် ဘွဲ့ယူရာ တက္ကသိုလ်ဝင်းအတွင်း၌ ယာဉ်များရှုပ်ထွေးမှု၊ ကျပ်တည်းမှုနှင့်အတူ မထင်မှတ်သော ထိခိုက်မှုအန္တရာယ်များ ဖြစ်လာရသည်။ ရရှိထားသော အခွင့်အရေးတစ်ရပ် ပြန်လည်ဆုံးရှုံးနိုင်သည်အထိ ဖြစ်လာနိုင်သည်ကိုတွေးဆရင်း သူ့နေရာ သူ့ဌာနတိုင်း၌သူ့စည်းကမ်းလေးများကိုတော့ လိုက်နာစေချင်ပါသည်ဟု တင်ပြ ရေးသားလိုက်ရပါသည်။

အုပ်ချုပ်ရေးမှူးများ ခန့်အပ်တာဝန်ပေးအပ်

ကြံခင်း ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၀ ၏ အုပ်ချုပ်ရေးမှူး ၃၃ဦးတို့အား ခန့်အပ်တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉နာရီက ဧရာဦး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီက ယခင်တာဝန်ထမ်းဆောင်ခဲ့ကြသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုလွှာပေးအပ်၍ ရွေးချယ်အတည်ပြုထားသော အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးခန့်အပ်လွှာများ ပေးအပ်ကြောင်း သိရသည်။

(ဝဇ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

မြဝတီရုပ်မြင်သံကြား

၂၃-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၃ တရားတော်
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄း၀၂ နိုင်ငံတော်သီချင်း
၄း၅၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ(ဇီဝဗေဒ)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လင်းလက်ကြယ်ပွင့်** အပိုင်း (၂၇)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-နိုင်ငံတကာသတင်း
-ရယ်စရာပျော်စရာဟာသကမ္ဘာ
-မြဝတီရုပ်မြင်သံကြားသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်သူ့တရားရှင် ပေါင်ချိန်** အပိုင်း(၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.KANG Chang-Hee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးခင်မင်မှု ပိုမိုတိုးတက်မြင့်မားရေး၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးနှင့် ဆောင်ရွက်ဆဲစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. KANG Chang-Hee အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang-Hee ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ဓါတ်ပုံ)**

တွေ့ဆုံရာသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လွှတ်တော်အစည်းအဝေးများကျင်းပနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံလွှတ်တော်အချင်းချင်း လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုအတွေ့အကြုံကောင်းများနှင့် လွှတ်တော်အတွေ့အကြုံကောင်းများ နှစ်နိုင်ငံ အပြန်အလှန်ဖလှယ်ရေး၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အကူအညီပေးရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့၏ မီဒီယာတွေ့ဆုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ၏ မီဒီယာတွေ့ ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့အတွင်းရေးမှူး ဦးလှအောင်က ရန်ကုန်မြို့တွင် လတ်တလောကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲကို အဖွဲ့က ပထမဦးစားပေးအစီအစဉ်အဖြစ် ဆောင်ရွက်နေမှု၊ လှည့်ကင်းများ၊ ယာဉ်ထိန်းရဲများအင်အားတိုးမြှင့်ထားပြီး စည်းကမ်းမဲ့မှုများကို အရေးယူသွားရန် ဆောင်ရွက်နေမှု၊ ပညာပေးကာလအဖြစ် ရက်သတ္တတစ်ပတ်သတ်မှတ်ထားပြီး ယနေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အများပြည်သူများအတွက် ယာဉ်ရပ်နားစခန်းများ သတ်မှတ်ဆောင်ရွက်နေမှု၊ ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်သည့် လမ်းဆုံမီးပွိုင့်များတွင် ယာဉ်ထိန်းရဲအင်အား တိုးမြှင့်ချထားမှု၊ အများပြည်သူများ ပူးပေါင်းပါဝင်ကူညီကြရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းထားရှိမှု၊ လှည်းတန်း၊ မြေနီကုန်း၊ ချော်တွင်းကုန်း၊ ဟံသာဝတီအပါအဝင် ယာဉ်ကြောပိတ်ဆို့မှုအများဆုံး လမ်းဆုံလမ်းခွခုနစ်နေရာတို့၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အားကို ယနေ့မှစတင်၍ တိုးမြှင့်ချထားမှု၊ မြို့နယ်အလိုက်တွင်လည်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိရှစ်ဦးနှင့် အခြားအဆင့် ၂၈ ဦး စုစုပေါင်းတပ်ဖွဲ့ဝင်အင်အား ၃၆ ဦးစီဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က လမ်းအသုံးပြုသူများလိုက်နာရန် စည်းကမ်းဥပဒေကို သက်ဆိုင်ရာက ထုတ်ပြန်ပေးထားသော်လည်း လိုက်နာရန် အားနည်းနေမှု၊ လက်ရှိအများပြည်သူတို့၏ ဘတ်စ်ကားစီးနင်းမှုမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိသည့်အပြင် ယာဉ်လိုင်းများမှာလည်း ရန်ကုန်မြို့၏အချက်အချာ ဆူးလေဘုရားလမ်းတွင်သာ ဗဟိုပြုသွားလာနေမှုကို လေ့လာဆန်းစစ်ရန် စီစဉ်နေမှု၊ နိုင်ငံတကာတွင် လက်ရှိဆောင်ရွက်နေမှုနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ လက်ရှိဆောင်ရွက်မှုများကို လေ့လာဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(သတင်းစဉ်)**

◆ ကျော့ဖုံးမှ

ဘူတာကြီးအဖြစ် တည်ဆောက်သွားမည်ဟု သိရသည်။

"ဒီဘူတာကြီးကို နိုင်ငံတော်က မကြာမီဖွင့်လှစ်ပြေးဆွဲတော့မည့် ရန်ကုန်-ပုသိမ်ရထားလမ်းကြောင်းအတွက် အဓိကဆိုက်ရောက်ဘူတာကြီးအဖြစ် အသုံးပြုဖို့ရည်ရွယ်ဆောက်လုပ်တာ ဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ဘူတာအဆောက်အအုံကို အလျားပေ ၁၂၀၊ အနံပေ ၅၀ နဲ့ ဆောက်လုပ်သွားမှာဖြစ်ပါတယ်။ ဒီဘူတာကြီးကို ဒီနှစ်ဧပြီလအတွင်း အပြီးဆောက်လုပ်သွားမှာဖြစ်ပါတယ်" အဆိုပါစီမံကိန်း အင်ဂျင်နီယာက ပြောကြားသည်။

ယခုဆောက်လုပ်နေသည့် ရန်ကုန် (လှိုင်သာယာ) ဘူတာကြီးသည် ဘေးပတ်လည်တွင် လှိုင်သာယာမြစိမ်းရောင်စက်မှုဇုန်၊ GTC တက္ကသိုလ်၊ ဒဂုံရောင် (အဝေးပြေးယာဉ်) ရပ်နားစခန်းတို့နှင့် မနီးမဝေးတွင်တည်ရှိပြီး ဘုရင့်နောင် (လှိုင်သာယာ)တံတားမှဆိုလျှင် ခြောက်မိုင်အကွာတွင်သာ ရှိကြောင်းသိရသည်။

ယင်းဘူတာကြီးကို ယခုအခါတွင် သတ်မှတ်ချိန်အမီ ပြီးစီးရန်အတွက် လုပ်ငန်းခွင်အလုပ်သမား ၂၀၀ ကျော်တို့ဖြင့် နေ့မအား ညမနား ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



ပြည်တွင်းသတင်း

တပ်မတော်အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသအား ထာဝရငြိမ်းချမ်းသည့် နယ်စပ်ဒေသဖြစ်ရမည်ဟု ယုံကြည်ချက် ချမှတ်ထား

အမှတ်တရ ဓာတ်ပုံရိုက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr.AK Antony ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr.AK Antony အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆွေတော်အား မြန်မာ့တပ်မတော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော် လာရောက်သည့် ခရီးစဉ်တွင် မြန်မာ့တပ်မတော်အတွက် အကျိုးရှိသော ရလဒ်ကောင်းများ ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ နောင်တွင်လည်း ပိုမိုတိုးတက်ကောင်းမွန်သော ရလဒ်ကောင်းများ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပဏာမဆွေးနွေးပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးကပြောကြားရာတွင် ယမန်နှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ အိန္ဒိယနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံ တပ်မတော်ချင်း ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ကျန်ရှိခဲ့ပါကြောင်း၊ တိုတောင်းသည့် ၁၈ လတာ ကာလအတွင်း အိန္ဒိယနိုင်ငံမှ ကြည်း၊ ရေ၊ လေ အဆင့်မြင့်အရာရှိကြီးများအားလုံး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန် လည်ပတ်ခြင်းဖြင့် ကောင်းမွန်သောအမြင်များ ဖလှယ်နိုင်သကဲ့သို့ ပြဿနာများကိုလည်း အတူတကွဖြေရှင်းနိုင်သောအတွေ့အကြုံကောင်းများရရှိပါကြောင်း၊ မြန်မာ့တပ်မတော်အတွက် အခြေခံတည်ဆောက်ရေးအပိုင်းတွင် အိန္ဒိယနိုင်ငံအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားရန်ဆုံးဖြတ်ထားရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဆွေးနွေးပြောကြားရာတွင် တပ်မတော်အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသအား ထာဝရငြိမ်းချမ်းသည့် နယ်စပ်ဒေသဖြစ်ရမည်ဟု ယုံကြည်ချက် ချမှတ်ထားပါကြောင်း၊ နယ်စပ်ဒေသတွင် တူညီသောလူမျိုးစုတိုင်းရင်းသားများရှိ၍ တိုင်းရင်းသားများအပေါ်အခြေခံပြီး နှစ်နိုင်ငံအစိုးရအား ဆန့်ကျင်နေသောအဖွဲ့အစည်းများအား နှစ်နိုင်ငံပူးပေါင်း၍ အရင်းအမြစ်ကစ၍ တားဆီးသွားရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေးတာဝန်သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံသည်လည်း ထို့အတူပင်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ့တပ်မတော်၏ ရပ်တည်ချက်သည် အိန္ဒိယနိုင်ငံအား ဆန့်ကျင်သည့် မည်သည့်လက်နက်ကိုင် အဖွဲ့ကိုမဆို ထောက်ခံအားပေးမည်မဟုတ်သကဲ့သို့ နိုင်ငံတော်သမ္မတအနေဖြင့်လည်း ၄င်းအချက်အား မူဝါဒအဖြစ် သတ်မှတ်ထားရှိပါကြောင်း မြန်မာ့တပ်မတော်အပေါ် အိန္ဒိယတပ်မတော်၏ စစ်ရေးဆိုင်ရာ လေ့ကျင့်ပေးမှုများသည် တပ်မတော် ခေတ်မီရေးအတွက် များစွာအထောက်အကူရရှိခဲ့ပါကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံအနေဖြင့် တိုးမြှင့်ဆောင်ရွက်ပေးရန် စီစဉ်ပေးမှုအတွက်လည်း ဝမ်းမြောက်စွာကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အပြန်အလှန် လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော်ဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ဝန်ကြီးဟောင်း Mr.Masaharu NAKAGAWA အား ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ် သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်နှင့် အတူ အထက်လွှတ်တော်အမတ် Mr.Michihiro ISHIBASHI တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ဒုက္ခသည်များဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာနမှထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများကို မြို့နယ်များမှတစ်ဆင့် တောင်သူများထံ တိုက်ရိုက်ဖြန့်ဖြူးမည်

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဓာတ်မြေဩဇာစက်ရုံများသည် ကုန်းတွင်းသဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေပေါ်မူတည်၍ထုတ်လုပ်ရသည်ဖြစ်ရာ ဈေးကွက်သို့ မျှတဖြန့်ဖြူးပေးနေရသည့်အခြေအနေတွင်ရှိကြောင်း၊ သို့ရာတွင် အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်အလေးချိန်ပြည့်မီခြင်း၊ ပြည်ပမှတင်သွင်းရောင်းချသည့် ဓာတ်မြေဩဇာများ၏ ဈေးနှုန်းထက် များစွာသက်သာခြင်းတို့ကြောင့် ဝယ်လိုအား များပြားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်မြေဩဇာ ၂၅၈၈၀၂ ဒသမ ၅၀ တန် ထုတ်လုပ်ရန် လျာထားခဲ့ရာ ၂၁-၁-၂၀၁၃ ရက်နေ့အထိ ယူရီးယားဓာတ်မြေဩဇာ ၁၆၁၃၈၄ ဒသမ ၇၅ တန် ထုတ်လုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် လက်အောက်ရှိ ဆန်စပါးအထူးပြု ကုမ္ပဏီများမှတစ်ဆင့်လည်းကောင်း၊ တိုက်ရိုက်သော် လည်းကောင်း တင်ပြလျှောက်ထားမှုအပေါ်မူတည်၍ ယူရီးယားဓာတ်မြေဩဇာ မက်ထရစ်တန် တစ်တန်လျှင် ၂၈၈၀၀၀/-(ကျပ်နှစ်သိန်းရှစ်သောင်းရှစ်ထောင်တိတိ) နှုန်းဖြင့် လက်ငင်းငွေချေစနစ်၊ ခြောက်လဆိုင်း အကြွေးစနစ်တို့ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ၂၁-၁-၂၀၁၃ နေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ၁၆၆၁၉၇ ဒသမ ၀၀ တန် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းနှိုင်းယှဉ်ချက်(၂၁-၁-၂၀၁၃ နေ့ ပေါက်ဈေးများ)

	တစ်တန်ဈေးနှုန်း	တစ်အိတ်ဈေးနှုန်း
MPE (စက်ရုံဈေး)	၂၈၈၀၀၀ ကျပ်	၁၄၄၀၀ ကျပ်
တရုတ်	၃၉၆၀၀၀ ကျပ်	၁၉၈၀၀ ကျပ်
အင်ဒိုနီးရှား	၃၇၂၀၀၀ ကျပ်	၁၈၆၀၀ ကျပ်

နိုင်ငံ့ဘဏ္ဍာငွေဖြင့် ရင်းနှီးထုတ်လုပ်သော ကုန်ပစ္စည်းများကို အကြွေးစနစ်ဖြင့် ရောင်းချခဲ့ရာတွင်လည်း ကြွေးကျန်များဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံ့ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရန် ဖြန့်ဖြူးမှုနည်းလမ်းများကို ပြန်လည်သုံးသပ်ခဲ့ကြောင်း၊ ပြည်ပမှ တင်သွင်းသည့် ဓာတ်မြေဩဇာများ၏ ဈေးနှုန်းထက် များစွာလျှော့ပေါ့ရောင်းချသည့် နိုင်ငံပိုင်စက်ရုံထုတ် ယူရီးယားဓာတ်မြေဩဇာများကို အမှန်သုံးစွဲသူတောင်သူများထံ ကြားခံအဆင့် အနည်းဆုံးဖြင့်ရောက်ရှိစေနိုင်မည့် နည်းလမ်းအဖြစ် မြို့နယ်များသို့ တိုက်ရိုက်ဖြန့်ဖြူးသည့်စနစ်ကို ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် မြို့နယ်အလိုက် လိုအပ်ချက်များကို စွမ်းအင်ဝန်ကြီးဌာနသို့ ပေးပို့တောင်းခံရန်ဖြစ်ပြီး စွမ်းအင်ဝန်ကြီးဌာနမှ စက်ရုံများ၏ ထုတ်လုပ်မှုပမာဏအပေါ် အခြေခံ၍ ခွဲဝေဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ဖြန့်ဖြူးပေးနိုင်မည့် ပမာဏကို စွမ်းအင်ဝန်ကြီးဌာနမှ သက်ဆိုင်ရာမြို့နယ်များသို့ အကြောင်းကြားပေးမည်ဖြစ်ပြီး မြို့နယ်အလိုက် သတ်မှတ်ထားသောကိုယ်စားလှယ်များအား စက်ရုံများသို့ တိုက်ရိုက်သွားရောက်ထုတ်ယူစေပြီး တောင်သူများထံသို့ ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းကျောင်းတွင် စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ဒေါက်တာအောင်ထွန်းသက်က Filghting Corruption ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၅ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ပဥ္စမထပ် ညီလာခံခန်းမ၌ ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၂၅၀၈၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သံဖြူဇရပ်မြို့ အမှတ်(၁)မြို့မဈေး၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၁၉ ရက် ည ၁၂ နာရီခန့်တွင် သံဖြူဇရပ်မြို့ စက်သစ်ရပ်ကွက် အမှတ်(၁)မြို့မဈေးရှိ ဆိုင်ခန်းအမှတ် (ဆ/၂၄)ဦးအခုံး၏ ပလတ်စတစ်ပစ္စည်း အရောင်းဆိုင်တွင် လျှပ်စစ်မီးကြိုးမှ ဝိုင်ယာရှော့ဖြစ်ကာ မီးစတင် လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝိုင်းဝန်းငြိမ်းသတ်

အဆိုပါမီးလောင်ကျွမ်းရာသို့ ဒေသအာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် စုစုပေါင်း ၁၂ စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ဈေးအတွင်းရှိ ဆိုင်ခန်းများနှင့်ပြင်ပဆိုင် စုစုပေါင်း ၅၉၇ ဆိုင် မီးလောင်ကျွမ်းခဲ့ပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံမီးသတ်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာသစ်အခြေခံစက်မှုနယ်မြေတွင် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအောက်ရှိ အမှတ် (၃/၄/၆-ခ) သစ်စက်များနှင့် ဝါးတရာသစ်ဆိပ်တို့၏ဝန်ထမ်းအရန်မီးသတ် သင်တန်းသား ၆၀ တို့အား မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၁၃) သင်တန်းဖွင့်ပွဲနှင့် ပညာပေးဟောပြောခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အမှတ် (၃) သစ်စက်ရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလွင်ဦးမောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယအထွေထွေမန်နေဂျာ ခေါင်းဆောင်သော စက်ရုံများမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ထွန်းကျော်နှင့် မန်နေဂျာများ၊ မီးသတ်ဦးစီးမှူးတို့သည် စက်ရုံအတွင်း မီးသတ်ကန်၊ မီးသတ်ဆေးဘူး၊ မီးချိတ်မီးကပ်၊ ရေပုံး၊ သဲပုံးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီးနောက် ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များက လက်တွေ့ မီးငြိမ်းသတ်မှုသရုပ်ပြသကြကြောင်း သိရှိရသည်။ **(၁၆၆)**

သမ္မတအိုဘားမား ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာဆို

အမေရိကန်သမ္မတအိုဘားမားလက်ထက် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်က လေးနှစ်တစ်ကြိမ် ရွေးချယ်သည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပပြီးစီးခဲ့သည်။ အဆိုပါနိုဝင်ဘာ ၆ ရက်သည် (အင်္ဂါနေ့) ဖြစ်သည်။ လေးနှစ်တစ်ကြိမ်ရွေးချယ်သည့် အမေရိကန်ရွေးကောက်ပွဲများကို ထိုရွေးကောက်ပွဲနှစ်၏ နိုဝင်ဘာပထမပတ် တနင်္လာနေ့အပြီး နောက်တစ်ရက်ဖြစ်သည့် အင်္ဂါနေ့၌ ကျင်းပခြင်းမှာ၁၇၉၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည့်အတွက် အစဉ်အလာတစ်ခုပင် ဖြစ်နေပေသည်။ ၂၀၁၂ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် သမ္မတအိုဘားမားနှင့် ဒုတိယသမ္မတဂျိုးဘိုင်ဒင်တို့က ပြိုင်ဘက် ရီပတ်ဘလီကင်ပါတီမှ သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းများဖြစ်ကြသည့် မစ်ရွန်နေနှင့် ပေါလ်ရိုင်ယန်တို့ကို အနိုင်ရလိုက်သည်။

ရွေးကောက်ပွဲကျင်းပပြီး မကြာမြင့်မီမှာပင်သမ္မတရွေးကောက်ပွဲ၌ သမ္မတအိုဘားမားနှင့် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့ ပြန်လည်အရွေးခံရကြောင်း သိရှိရသော်လည်း တကယ်တော့ မည်သူကမဲအရေအတွက် မည်မျှရသည် ဆိုခြင်းမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက် (သောကြာနေ့) ၌ တရားဝင် မဲရေတွက်ပြီးမှ သိရခြင်းဖြစ်သည်။ သမ္မတနှင့် ဒုတိယသမ္မတတို့ကို မဲပေးရွေးချယ်သူများမှာ အမေရိကန်ပြည်သူများမဟုတ် သမ္မတရွေးချယ်ရေးအဖွဲ့ (အီလက်တိုရယ်ကောလိပ်)မှ အဖွဲ့ဝင်များသာ ဖြစ်သည်။ အမေရိကန်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ သမ္မတရွေးကောက်ပွဲတွင် အမေရိကန်ပြည်သူတို့က မိမိစိတ်ကြိုက် သမ္မတလောင်းကို တိုက်ရိုက်ဆန္ဒမဲပေးရွေးချယ်ရခြင်းမဟုတ်ဘဲ သမ္မတရွေးချယ်ရေးအဖွဲ့ (အီလက်တိုရယ်ကောလိပ်) ဝင်များကို ရွေးချယ်ပေးရခြင်းဖြစ်သည်။ ထို့ကြောင့် အီလက်တိုရယ်ကောလိပ်မှ ဆန္ဒမဲများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ တရားဝင် ရေတွက်ပြီးစီးသည့် အခါ၌ သမ္မတအိုဘားမားက ပြိုင်ဘက် ရွှန်နီအား ၃၃၂ မဲ၊ ၂၀၆ မဲဖြင့် အပြတ်နိုင်ကာ ပြန်လည်အရွေးခံရကြောင်း သိရသည်။ တကယ်တော့ အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အီလက်တိုရယ်ကောလိပ်မှ မဲစုစုပေါင်း ၂၇၀ ရလျှင်ပင် သမ္မတအဖြစ် အရွေးခံရသည်။

၂၀၀၈ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်အနိုင်ရသည့် သမ္မတအိုဘားမားမှာ ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံရတော့မည်ဖြစ်သည်။ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံ၏ အမြင့်ဆုံးသော အုပ်ချုပ်ရေးရာထူးအတွက် ကျမ်းသစ္စာကျိန်ဆိုရာထူးလက်ခံသည့် အခမ်းအနားမှာ စည်ကားသိုက်မြိုက်စမြဲ ဖြစ်သည်။ ထိုအခမ်းအနားကို အမေရိကန်နိုင်ငံ၌ လေးရက်ကြာ ကျင်းပလေ့ရှိသည်။ သို့သော် ယခုနှစ်တွင်မူ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၉၊ ၂၀ နှင့် ၂၁ ရက် (သုံးရက်)သာ ကျင်းပသည်ကို တွေ့ရသည်။

အမေရိကန်သမ္မတ ရာထူးလက်ခံသည့် အထိမ်းအမှတ်ပွဲ သုံးရက်တွင် တက်ရောက်ကြမည့် ဧည့်ပရိသတ်ပြည်သူအရေအတွက်မှာလည်း ၂၀၀၉ ခုနှစ်အလားတူ တက်ရောက်ခဲ့သည့် ဧည့်ပရိသတ်ထက် လူတစ်သန်းလျော့နည်းကာ တက်ရောက်သူ ၆၀၀၀၀၀ နှင့် ၈၀၀၀၀၀ ကြားတွင်ရှိသည်။

တိုး – ရေးသည်

တကယ်ပင် ကျမ်းသစ္စာကျိန်ဆိုကာ သမ္မတအိုဘားမား ရာထူးလက်ခံမည့် အခမ်းအနားမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီ ၅၅ မိနစ် အချိန်တွင် အမေရိကန်သမ္မတ အိမ်ဖြူတော် အပြာရောင်ခန်းမ၌ ပြုလုပ်ခြင်းဖြစ်သည်။**(အောက်ဝဲပုံ)** ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်ကမူ ထိုနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရေတပ်လေ့လာရေး သီးသန့်ဆောင်၌ ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံပါသည်။

ပြည်သူများတစ်ခဲနက် တက်ရောက်သည့် သမ္မတရာထူးလက်ခံမှု အထိမ်းအမှတ်အခမ်းအနားမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၁ နာရီခွဲတွင် ကက်ပီတော်အဆောက်အအုံ၏အနောက်ဘက် မျက်နှာစာ၌ ပြုလုပ်သည်။ ဤအခမ်းအနား၌ သမ္မတအိုဘားမားက အမေရိကန် လူ့အခွင့်အရေး ခေါင်းဆောင် မာတင်လူသာကင်းဂျူနီယာ၏ သမ္မတ ကျမ်းစာအုပ်နှင့် သမ္မတလင်ကွန်းအသုံးပြုသည့် သမ္မတ ကျမ်းစာနှစ်အုပ်အပေါ် လက်တင်ပြီး ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ် ရာထူးလက်ခံစဉ်က သမ္မတအိုဘားမားသည် သမ္မတလင်ကွန်း အသုံးပြုခဲ့သည့် သမ္မတကျမ်းစာအုပ်ကိုသာ အသုံးပြုခဲ့သည်ကို တွေ့ရသည်။ ၂၀၀၉ ခုနှစ် သမ္မတရာထူးကျမ်းသစ္စာကျိန်ဆိုလက်ခံစဉ်က ပထမဆုံး အာဖရိက အမေရိကန်ကပြားတစ်ဦး သမ္မတအဖြစ်ရာထူးလက်ခံမှုကို မျက်မြင်တွေ့လိုကြသဖြင့် ပြည်သူ ၁ ဒသမ ၈ သန်းတက်ရောက် အားပေးခဲ့ကြသော်လည်း ယခုအခါ ပြည်သူခြောက်သိန်းနှင့် ရှစ်သိန်းကြားရှိမည်ဟု ကိုလံဘီယာ ခရိုင်အရာရှိများက ခန့်မှန်းသည်။ တိုက်ဆိုင်မှုတစ်ခုမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၁ ရက်၌ မာတင်လူသာကင်းဂျူနီယာ၏ မွေးနေ့ အများပြည်သူ ရုံးပိတ်ရက်ဖြစ်နေပါသည်။

တောင်ကိုရီးယားက ဒုံးပျံလွှတ်တင်မည်

တောင်ကိုရီးယားနိုင်ငံက တတိယအကြိမ်အဖြစ် အာကာသဒုံးပျံတစ်စင်းကို လွှတ်တင်ရန် ဒုံးပစ်စင်၌ ချိတ်ဆက်ထားပြီးဖြစ်ရာ ဇန်နဝါရီ ၃၀ ရက်နှင့် ဖေဖော်ဝါရီ ၈ ရက်အကြား အာကာသသို့ လွှတ်တင်သွားရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားနိုင်ငံ ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဇန်နဝါရီ ၂၁ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ အာကာသဒုံးပျံယာဉ်ကို ရုရှားနိုင်ငံက တည်ဆောက်ပေးထားခြင်းဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် ရုရှားပညာရှင်များနှင့်အတူ တောင်ကိုရီးယား အာကာသယာဉ် တည်ဆောက်ရေးဆိုင်ရာ ပညာရှင်များကလည်း ပူးတွဲလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များက အာကာသဒုံးပျံယာဉ်လွှတ်တင်ရာတွင် အောင်မြင်မှုများမရရှိခဲ့သဖြင့် ယခု တတိယအကြိမ်အဖြစ် လွှတ်တင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ယခု အာကာသဒုံးပျံကိုလည်း ပြီးခဲ့သည့်နှစ် အောက်တိုဘာကတည်းက လွှတ်တင်ရန်စီစဉ်ခဲ့ရာမှ နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ပြီး ယခုအခါ အောင်မြင်စွာ လွှတ်တင်နိုင်တော့မည် ဖြစ်သည်။

KSLV-1 ဟု အမည်ပေးထားသော အဆိုပါအာကာသဒုံးပျံကို နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ရွှေ့ဆိုင်းခဲ့ရသော်လည်း ယခုအခါပြုပြင်ပြီးဖြစ်သဖြင့် လွှတ်တင်ရန် စီစဉ်နေခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် အာကာသရေးရာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရန် ကိုရီးယားအာကာသ သုတေသနသိပ္ပံအား အမေရိကန်ဒေါ်လာ ၄၇၉ သန်း ရင်းနှီးမြှုပ်နှံပေးထားသည်။ **(ရိုက်တာ)**

မိုးမြင့်လင်းလက် – ရေးသည်

သေနတ်ထိန်းချုပ်ရေး အိုဘားမား ကြေညာ

အမေရိကန်နိုင်ငံတွင် သေနတ်ထိန်းချုပ်ရေးအစီအစဉ်သစ်ကို အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ထုတ်ဖော်ကြေညာလိုက်ကြောင်း ဇန်နဝါရီ ၁၆ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကောင်းမြတ်သူ – စုစည်းသည်

အမေရိကန်ဒေါ်လာ သန်း ၅၀၀ အကုန်အကျခံ ဆောင်ရွက်မည့် ယင်းအစီအစဉ်သစ်သည် စစ်သားဆန်ဆန် တိုက်ခိုက်ရေးလက်နက်များနှင့် လက်နက်ခဲယမ်းများ ကိုင်တွယ်အသုံးပြုမှု ပိတ်ပင်ရေးတို့ဖြစ်ကြောင်း၊ သေနတ်ဝယ်ယူသူများ၏ နောက်ခံသမိုင်းကြောင်းကို စစ်ဆေးပြီးမှ ရောင်းချသင့်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။ အိုဘားမားက သေနတ်ထိန်းချုပ်ရေး အကြောင်းအရာနှင့် စပ်လျဉ်းသည့် အချက် ၂၃ ချက်ပါ စည်းကမ်းချက်များကိုလည်း လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

ကက်ရှ်မီးယားတင်းမာမှု ပါကစ္စတန်က အရေးဆို

ကက်ရှ်မီးယားဒေသ စစ်ရေးတင်းမာမှုများ အဆုံးသတ်ရန် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးအား ဆော်သြတိုက်တွန်းလိုက်သည်။ နှစ်နိုင်ငံစစ်ဆင်ရေး အကြီးအကဲနှစ်ဦးတွေ့ဆုံဆွေးနွေးပြီး နာရီပိုင်းအကြာ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဟီနာရက်ဘန်နီခါ **(ယာပုံ)**က မှတ်ချက်ပြု ပြောဆိုလိုက်ခြင်းဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ်က အဆိုပါနယ်စပ် တစ်လျှောက် အပြန်အလှန်ပစ်ခတ်ခဲ့ပြီးနောက် တင်းမာမှုများ မြင့်တက်ခဲ့သည်။

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင် ၂၀၀ သူပုန်များတိုက်ထုတ်ရန် မာလီသို့ရောက်

မာလီနိုင်ငံမြောက်ပိုင်းရှိ အစ္စလာမ္မစ် အကြမ်းဖက်သမားများကို တိုက်ထုတ်ရေးတွင် မာလီအစိုးရတပ်များကို ကူညီရန် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင် ၂၀၀ ခန့် မာလီနိုင်ငံသို့ ရောက်ရှိလာကြောင်း ဇန်နဝါရီ ၁၇ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသား ဖော်ပြသည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၁ ရက်က မာလီတွင် သူပုန်ဆန့်ကျင်ရေးစစ်ပွဲဆင်နွှဲနေသော ပြင်သစ်တပ်များနှင့် ပူးပေါင်းမည်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ မာလီနိုင်ငံအတွင်း ဒေသတွင်းနိုင်ငံများမှ တပ်ဖွဲ့ဝင် ၃၃၀၀ ဖြန့်ကြက်ထားရမည်ဟု ဆိုသည်။ ချဒ်နိုင်ငံက တပ်ဖွဲ့ဝင် ၂၀၀၀ စေလွှတ်ရန် အတည်ပြုပြောကြားခဲ့သည်။

ဈေးကွက်နှင့်စီးပွားရေးသတင်း

ရခိုင်ပြည်နယ်မှဆန်များ ရိုးမကိုဖြတ်ကျော်၍ တရုတ်နိုင်ငံသို့ တင်ပို့

ရခိုင်ပြည်နယ်မှ ဆန်များကို စစ်တွေဈေးကွက်မှတစ်ဆင့် ကုန်တင်ကားများဖြင့်လည်းကောင်း၊ သင်္ဘောများဖြင့် လည်းကောင်း သယ်ယူကာ တရုတ်နိုင်ငံသို့ တင်ပို့နေကြောင်း သိရသည်။

ရိုးမအရှေ့ဘက်မှသည် တရုတ်နိုင်ငံဆီသို့

ရခိုင်ပြည်နယ်မှဆန်များကို ကားများ၊ သင်္ဘောများဖြင့် ရန်ကုန်မြို့ကြီးသို့လည်းကောင်း၊ ကားများဖြင့် မန္တလေးသို့ တင်ပို့ကာ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေကြသည်။ အရည်အသွေးမီဆန်များ ထွက်အားရှိနေသည်။

"ကျွန်တော်တို့ကတော့ အထူးသဖြင့် ကောက်ညှင်းဆန်သန့်သန့်နဲ့ ငကျွဲ(ရခိုင်လို စာပစိကောက်လျှင်)ဆန်သန့်သန့်ကို ဝယ်ပါတယ်။ ဆန်မသန့်ရင် ဈေးနှိမ်ခံရတာကြောင့် သေသေချာချာကြည့်ပြီး ဝယ်ရတာပါ။ ဈေးကောင်းတယ်လို့တော့မဟုတ်ပါဘူး။ ရခိုင်မှာက လုပ်စရာဆိုလို့ ဒီဆန်စပါးရောင်းဝယ်ရေးပဲ ရှိတော့ မလုပ်ချင်လည်းလုပ်နေရတာပါပဲ။ အလုပ်တစ်ခုဖြစ်နေဖို့က အရေးအကြီးဆုံးပါ။ သိပ်တော့တွက်ခြေမကိုက်ပါဘူး" ဟု ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက အတွေ့အကြုံကို ပြောပြသည်။

အေးအေးဆေးဆေး စစ်တွေဆန်ဈေး

ရခိုင်ပြည်နယ်၏ အဓိကဖြစ်သော စစ်တွေဆန်ဈေးကွက်တွင် စပါးပေါ်ချိန်မှစ၍ ဆန်ဈေးနှုန်းမှာ အနည်းငယ်ခန့်သာတက်နှုန်းပြခဲ့ပြီး ယခုအချိန်ထိ ဈေးငြိမ်နေဆဲဖြစ်သည်။ ရိုးမအရှေ့ဘက်သို့ တင်ပို့သောဆန်များမှာလည်း အလွန်သန့်မှ အလွန်ကောင်းမှသာ အဝယ်လိုက်သည်။ အများအားဖြင့် အရည်အသွေးညံ့နေကြ၍ ပြည်နယ်တွင်း ဈေးကွက်များတွင်သာ ရောင်းဝယ်နေကြရသည်။ ရောင်းအားနှင့်ဝယ်လိုအားအရ သုံးသပ်ရသော် ဆန်ဈေးမှာ ဆက်လက်အေးဆေးနေမည့် အခြေအနေရှိကြောင်း တွေ့ရသည်။

"ဒီနှစ်ကဆန်ရောင်းရတာ၊ ဝယ်ရတာမကောင်းပါဘူး။ အရောင်းအဝယ်များတော့ ကျွန်တော်တို့ ပွဲရုံတွေလည်း ထိတာပေါ့။ ဆန်ကအထွက်ထက် အဝင်များပါတယ်။ ဆန်ရောင်းသူတွေကများတော့ ဈေးလည်းမတက်နိုင်ဘူးပေါ့လေ။ အဝယ်ကမကိုက်တာ။ အေးအေးဆေးဆေးပါပဲ။ ဘူးသီးတောင်ဘက်တို့၊ ကလေး၊ တောင်ကြီးဘက်တို့၊ ရိုးမအရှေ့ဘက်တို့ကို ဆွဲတယ်ဆိုတာလည်း ဝင်လာတဲ့ဆန်တွေနဲ့ နှိုင်းရင် မပြောပလောက်တော့ပါ။ များများဆွဲရင်တော့ တစ်မျိုးတစ်ဖုံပြောင်းနိုင်တာပေါ့လေ"ဟု ဆန်ပွဲရုံလုပ်ငန်းရှင် ဦးဂျာအေးမောင်က ဆန်ဈေးကွက် အခြေအနေကို ဇန်နဝါရီ ၁၅ ရက်က ပြောပြသည်။

စစ်တွေဆန်ဈေးကွက်တွင် နယ်ဘက်မှဆန်များ အဝင်များလျက်ရှိပြီး ရောင်းအား လျော့နေကြောင်း တွေ့ရသည်။ ဆန်ဝယ်သော ဖောက်သည်များက ဆန်သန့်သန့်များကိုသာ ခေါင်းခေါက် ဝယ်ယူနေကြသည်။ သို့သော် ဆန်ဈေးက အေးနေဆဲ ဖြစ်သည်။

နှိုင်းယှဉ်ဖော်ပြဈေးနှုန်းကဏ္ဍ

စစ်တွေဆန်ဈေးကွက်မှ ယခုနှစ် စပါးပေါ်ချိန်က ဈေးနှုန်းနှင့် ယခုလက်ရှိ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ဆန်ဈေးအတက်အကျကို လေ့လာသိ

သတင်းဆောင်းပါး
လေးဝတီထွန်းစောခိုင်

ရှိနိုင်သည်။ ပေါ်ဆန်းမွှေး (ရှယ်) တစ်အိတ် စပါးပေါ်ချိန် ကျပ် ၁၂၅၀၀၊ ယခုဈေး ကျပ် ၁၃၅၀၀၊ ပေါ်ဆန်းမွှေး(သာမန်) စပါးပေါ်ချိန် ကျပ် ၁၁၅၀၀၊ ယခုဈေး ကျပ် ၁၂၅၀၀၊ ညှော့မထစပါးပေါ်ချိန် ကျပ် ၉၀၀၀၊ ယခုဈေး ကျပ် ၉၈၀၀၊ ငစိန်စပါးပေါ်ချိန် ကျပ် ၈၀၀၀၊ ယခုဈေး ကျပ် ၈၅၀၀၊ ငကျွဲ (ရခိုင်အခေါ် စာပစိကောက်လျှင်) စပါးပေါ်ချိန် ကျပ်၁၁၅၀၀၊ ယခုဈေး ကျပ် ၁၂၅၀၀၊ ကောက်ညှင်း (ရှယ်) စပါးပေါ်ချိန် ကျပ် ၁၃၅၀၀၊ ယခုဈေး ကျပ် ၁၄၅၀၀၊ ကောက်ညှင်း (ညှံ့) စပါးပေါ်ချိန် ကျပ် ၁၃၀၀၀၊ ယခုဈေး ကျပ် ၁၄၀၀၀တို့ဖြစ်နေကြောင်း တွေ့ရှိရသည်။

ဆန်ရောင်းသူများ ဈေးကောင်းရန်မျှော်နေ

ရခိုင်ပြည်နယ်မှ ဆန်ရောင်းဝယ်သူများသည် စပါးပေါ်ချိန်မှ ယခုအချိန်ထိ ဆန်ဈေးမှာ အနည်းငယ်သာတက်ခဲ့ပြီး ပြန်ငြိမ်နေသဖြင့် တွက်ခြေကိုက်မှုမရှိကြချေ။ ဤကြားထဲ ဝယ်လိုအားအေးနေ၍ ပွဲရုံများ၌ ဆန်ထွက်အိနေသည်။ သို့သော် ဆန်ရောင်းဝယ်သူများအနေဖြင့် အင်ဒိုနီးရှားမှ မြန်မာ့ဆန်တန်ချိန် ၃၀၀၀၀၀ ဝယ်ယူမည်ဆိုသော သတင်းကြောင့် ဆန်ဈေးကောင်းရန် မျှော်လင့်နေကြသည်။

"ကျွန်တော်တို့ကတော့ စပါးပေါ်ချိန်က ယခုထိ ဈေးကောင်းတယ်ဆိုတာမရှိပါဘူး။ အလုပ်မြဲနေအောင် သဘောလောက်သာ လုပ်နေရတာပါ။ ဒီနှစ်လယ်သမားတွေလည်း စပါးရကြပါတယ်။ ဈေးကောင်းလာရင်တော့ အားလုံးအကျိုးရှိကြမှာပါ။ အင်ဒိုနီးရှားက ဆန်ဝယ်မယ်လို့တော့ သတင်းကြားပါတယ်။ အားလုံးကတော့ ဈေးမျှော်နေဆဲပါ။ ဈေးကောင်းပါစေလို့ပဲ ဆုတောင်းရမှာပေါ့" ဟု ပေါက်တောမြို့နယ်မှ ဆန်ကုန်သည် ဦးကျော်ဝေက ပြောပြသည်။

ရခိုင်ဆန်များ ဈေးကောင်းရနိုင်သော လိုအပ်ချက်များ

ရခိုင်ပြည်နယ်သည် မိုးများသော ကမ်းမြောင်ဒေသဖြစ်၍ စပါးစိုက်ပျိုးရန် အလွန်ကောင်းသည်။ ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည်လည်း စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းကို အဓိက လုပ်ကိုင်နေရသည်။ စိုက်ပျိုးရေးဘက်တွင် မြေခံ၊ ရေခံကောင်းများ ရှိသော်လည်း စိုက်ပျိုးနည်းပညာနှင့် ခေတ်မီမျိုးကောင်းများ၊ ဈေးကွက်ဝင်စပါးမျိုးများ စိုက်ပျိုးမှုပိုင်းတွင် အားနည်းနေကြောင်း တွေ့ရသည်။ မိရိုးဖလာ စပါးမျိုးများကိုသာ စိုက်ပျိုးနေကြသဖြင့် ရခိုင်မှဆန်များ ဈေးကွက်ထိုးဖောက်အား ညံ့နေခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း ကြိတ်ခွဲသောအပိုင်းတွင် အရည်အသွေးမြင့်သော စက်ကိရိယာများ အားနည်းနေသဖြင့် ထွက်ရှိသော ဆန်များ အရည်အသွေးကျနေခြင်းဖြစ်သည်။

ပြည်ထောင်စု အစိုးရအနေဖြင့်လည်းကောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လည်းကောင်း ဤကွက်လပ်များကို ဖြည့်ဆည်းပေးပါက ရခိုင်ပြည်နယ်၏ ဆန်စပါးဈေးကွက် တိုးတက် ပြောင်းလဲလာနိုင်ကြောင်း လေ့လာသိရှိရသမျှ ရေးသားတင်ပြလိုက်ရပါသည်။ ။

ပခုက္ကူဈေးကွက်သို့ စိမ်းစားဥ လှိုင်လှိုင်ဝင်

ယခုလို အေးချမ်းသော ဆောင်းရာသီတွင် ရာသီအလိုက် ပဲမြစ်၊ ထန်းမြစ်များ ပေါ်ပြီး နတ်တော်လထဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူ ကုန်စိမ်းဈေးကွက်သို့ စိမ်းစားဥများ အဝင်များလာသည်။

မြင်းခြံမြို့နယ် ဧရာဝတီမြစ်နံဘေး ညောင်တိုအုပ်စုရှိ အိမ်ခြေ ၂၀၀ ကျော်သည် ရေဝင်သဲနုန်းမြေတွင် အစေ့ချ၍ သီတင်းကျွတ်လဆန်းမှစစိုက်ပြီး သုံးလကြာ နတ်တော်လကုန် စိမ်းစားဥပေါ်ချိန်တွင် ပခုက္ကူဈေးကွက်သို့ နံနက်ဈေးအမီ စိုက်ခင်းမှ လှည်းဖြင့် စက်လှေပေါ်တင်ကာ ရွှေတန်းတစ်ဆိပ်ကမ်းမှ ထော်လာဂျီဖြင့်သယ်၍ ပခုက္ကူမှ ပြည့်ဖြိုးသာပွဲရုံသို့ သွင်းကြသည်။ စိမ်းစားဥကို USDA ၏ ဓာတ်ခွဲစမ်းသပ်မှုအရ လူသားတို့၏ ကျန်းမာရေးကို အကျိုးပြုစေသော ဗီတာမင်နှင့်သတ္တုဓာတ်တို့ပါရှိပြီး ဘေးဥပဒ်ဖြစ်စေသော ကိုလက်စထရောလုံးဝမပါရှိချေ။ ဗီတာမင်စီလုံလောက်စွာပါရှိသဖြင့် ယခုလို ချမ်းအေးသော ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော အအေးမိ၊ နှာစေး၊ ချောင်းဆိုး စသော ကူးစက်နာ ရာသီဖျားများအပြင် အထူးသဖြင့် ကလေးငယ်များ ပန်းနာရင်ကျပ်ရောဂါကို ပျောက်ကင်းသက်သာစေနိုင်သည်။စိမ်းစားဥကို စားသုံးပေးခြင်းဖြင့် ကိုယ်ခံစွမ်းအားကို တိုးတက်စေကြောင်း အကြံပြုထားကြသည်။

ယခင်နှစ်က စိမ်းစားဥတစ်ပိဿာ ငွေကျပ် ၁၇၀ သာ ရရှိသောကြောင့် လှည်းခ၊ စက်လှေခ၊ ထော်လာဂျီငှားခများစသည့် အထွေထွေဝန်ဆောင်မှု များသဖြင့် တွက်ခြေမကိုက်ပေ။ ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ ကျော်ထိ ဈေးရကြ၍ စိမ်းစားဥစိုက်တောင်သူများ တွက်ခြေကိုက်၍ ဝင်ငွေကောင်းလျက် ရှိကြသည်။

မောင်ပွင့်စော(ပခုက္ကူ)

နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရှာ စခန်းကြီးက ပျားနေကြာ

ကလေး ဇန်နဝါရီ ၂၂

ကလေး-တမူး ကားလမ်းပေါ်ရှိ စခန်းကြီးရွာ၌ ဆောင်းသီးနှံဖြစ်သော နေကြာနှင့်ဆီမုန်ညင်းစိုက်ခင်းများ စိမ်းစိုလန်းဆန်းလျက်ရှိပြီး နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရှာဖွေပေးသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်အောက်ရှိ ပျားလုပ်ငန်းဌာနမှ ပျားရည်များ ထုတ်လုပ်လျက်ရှိရာ ပြည်ပဈေးကွက်ဝင် နေကြာပျားရည်နှင့် မုန်ညင်းပျားရည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

နံနက်ခင်း အေးစိမ့်မှုနှင့်အတူ နေကြာစိုက်ခင်းများအနီးရှိ ရိုးပြတ်ထဲ၌ ပျားအိမ်များထဲမှ ပျားသလက်များထုတ်၍ ပျားရည်ထုတ်စက်ထဲထည့်ကာ ထွက်ရှိလာသည့် ပျားရည်များကို ပိဿာ ၁၈၀ ဝင် ပလတ်စတစ်ပီပါအတွင်း သိမ်းဆည်းသူတို့ဖြင့် ပျားလုပ်ငန်းဌာနမှ ဝန်ထမ်းများ ဟန်ချက်ညီညီလုပ်ငန်းခွင် ဝင်လျက်ရှိသည်။

"တိုင်းဒေသကြီးငါးခုနဲ့ ပြည်နယ်နှစ်ခုက နှစ်စဉ်ပျားရည် ထုတ်ပါတယ်။ နေကြာ၊ ပန်းနှမ်း၊ ဆီး၊ ပဲနီ၊ နှမ်း၊ ဆီမုန်ညင်း၊ လိုက်ချီးဆိုပြီး ပျားရည်ထုတ်ယူပြီးတော့ ပြည်တွင်းနဲ့ပြည်ပကို ဖြန့်ချိပါတယ်။ ဆီးပွင့်ရာသီမှာ ပျားရည်အထွက်ဆုံးပဲ။ ကျွန်တော်တို့ဌာနက ပျားရည်မျိုးစုံထုတ်လုပ်ပြီး ချင်းပျားရည်၊ ကြက်သွန်ဖြူပျားရည်၊ ရှဉ့်မတက်ပျားရည်၊ လင်ဇီပျားရည်၊ အသားအလှဆီ၊ ပျားနို့ဆေးတောင့်၊ ဝတ်မှုန်ဆေးတောင့်စတဲ့ ပဋိဇီဝဆေးတွေလည်း ပျားဌာနက ထုတ်ပါတယ်။ ပျားဌာနရှိတဲ့အတွက် တောင်သူတွေရဲ့စိုက်ခင်းကို အထူးအကျိုးပြုပါတယ်။ ဝတ်မှုန်ကူးဝန်ဆောင်မှုကို ပျားကနေ ဆောင်ရွက်ပေးတဲ့အတွက် သီးနှံထွက်နှုန်းကောင်းတာပါ။ အစ္စရေးက ကျွန်တော်တို့ထက် အနှစ်တစ်ရာစောပြီး ပျားရည်ထုတ်လုပ်လာတဲ့အတွက် ပညာတွေရပါတယ်။ လက်ရှိ ဥရောပပျားမျိုးနှစ်မျိုး မွေးမြူထုတ်လုပ်နေရာကနေ အစ္စရေးက ပျားဘုရင်မအကောင် ၇၀ ရောက်လာတဲ့အတွက် မျိုးပွားမွေးမြူနေပါပြီ။ ဥပေါက်ကောင်းတယ်။ ပျားရည်ထွက်နှုန်းကောင်းတဲ့ မျိုးစိတ်တွေပါ။ မြန်မာ့ပျားရည်တွေက နာမည်ရနေပါပြီ။ မြန်မာ့ရေမြေက ခုနစ်လကျော် ပျားရည်ထုတ်လို့ရတဲ့အတွက် နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရှာပေးနိုင်တဲ့ဌာနတစ်ခုပါ"ဟု မြင်းမူမြို့ ပျားလုပ်ငန်းဌာနက ဦးစီးမှူး ဦးဆွေထွန်းက ပျားရည်ထုတ်ယူနေသည့် စခန်းကြီး လုပ်ငန်းခွင်၌ ရှင်းပြသည်။

သန်းထိုက်(ကလေး)

ဈေးကွက်ဝင်ရာသီအစ မျောက်ငိုသီး ဈေးကောင်းရ

ကလေး ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ချင်းတောင်ပေါ်မှ မျောက်ငိုသီးတောင့်များ ပေါ်ဦးပေါ်ဖျား စတင်ဝင်ရောက်လျက်ရှိပြီး မြို့ပေါ်ဈေးကွက်ထက် တမူးမြို့ရှိ နန့်ဖာလုံဈေးသို့ အပြိုင်အဆိုင်တင်ပို့ကာ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ကလေးဈေး၌ မျောက်ငိုသီးတစ်တောင့်လျှင် အရွယ်သေးပါက ငွေကျပ် ၁၀၀ ပေးရပြီး တစ်တွဲလျှင် ငါးတောင့်မှ ၁၀ တောင့်အထိပါရှိ၍ မြန်မာပြည်ရှိစိန်ပန်းပင်၊ စိန်ပန်းသီးတောင့်နှင့်ပုံသဏ္ဌာန်တူကာအတောင့်ကို လှီး၍ကြော်စား၊ ချက်စားပါက တညင်းသီးကဲ့သို့ အရသာရှိပြီး အသီး၏ အစေ့ကပို၍ စားကောင်းသည့်အတွက် အိန္ဒိယနယ်စပ် တမူးဈေးကွက်၌ ကသည်းလူမျိုးနှင့် အိန္ဒိယလူမျိုးတို့ အထူးနှစ်သက်ခြင်းဖြစ်သည်။

" မျောက်ငိုသီးပင်ကိုကြည့်ပြီး အသီးဘယ်လောက်ထွက်နိုင်တယ် ခန့်မှန်းပြီးတော့ ဈေးဖြတ်ရပါတယ်။ တစ်ပင်ကို ငွေကျပ် တစ်သိန်းကနေ သုံးသိန်းအထိ ပေးရပါတယ်။ မြန်မာပြည်မှာ တညင်းသီး၊ ဒီမှာ မျောက်ငိုသီးပေါ့၊ သူ့ရာသီက ဇန်နဝါရီလကနေ ဧပြီလထိ သက်တမ်းရှိပြီးတော့ တမူးဈေးကွက်ရောက်ရင် တစ်တောင့်ကို ငွေကျပ် ၃၀၀ ကနေ ၅၀၀ ဈေးရတယ်။ အခုအအေးပိုတဲ့လမှာ ဈေးတော့ မသေးဘူး၊ သယ်ယူပို့ဆောင်မှုက တောင်ပေါ်က လာတဲ့အတွက် ရာသီဥတုကြောင့် နှေးကွေးနေတာပါ။ ဒီတောင်ပေါ်တွေမှာ မျောက်ငိုသီးကို စီးပွားဖြစ်စိုက်ကြပါတယ်။ နှစ်ရှည်ပင်ဖြစ်ပြီး တစ်သီးသာထွက်တဲ့အပြင် အရသာကောင်းတဲ့အတွက် ရောင်းမလောက်ဘူး။ သူ့ရာသီရောက်ရင် ခြံရှင်တွေ အဆင်ပြေသလို ကျွန်တော်တို့လို ကုန်သည်တွေလည်း အဆင်ပြေကြပါတယ်" ဟု ချင်းတောင်ပေါ်က သိုင်းငင်းရွာသား ပေါင်ခန့်ရှိန်က ဆိုသည်။ (၁၆၄)

GI Group EXPERSS ကြိုးခိုင်အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် ⟷ မန္တလေး ⟷ မူဆယ်
၂၅-၁-၂၀၁၃ရက်နေ့မှစ၍
ရန်ကုန်-မန္တလေးခရီးစဉ်တွင် လက်ရှိပြေးဆွဲလျက်ရှိသော Yutong ဘတ်စ်အသစ်များအပြင် သန့်စင်ခန်းပါဝင်သော ဥရောပနိုင်ငံထုတ်(Man၊ Neoplan၊ Mercedes)အဆင့်မြင့်ကားအသစ်များဖြင့် ည(၉း၃၀)နာရီအချိန်တွင်လည်းကောင်း၊ လက်ရှိပြေးဆွဲနေသော ခရီးစဉ်များအပြင် မန္တလေး-ကျောက်ဆည်-ဝမ်းတွင်း-မိတ္ထီလာမြို့များကိုဖြတ်၍(အမြန်လမ်းမှတဆင့်) ရန်ကုန်ခရီးစဉ်အား ည(၇)နာရီအချိန်တွင်လည်းကောင်း၊ ရန်ကုန်(အမြန်လမ်းမှတဆင့်)၊ မိတ္ထီလာ-ဝမ်းတွင်း-ကျောက်ဆည်-မန္တလေးခရီးစဉ်အား ည(၇)နာရီအချိန်တွင်လည်းကောင်း၊ ရန်ကုန် ၊ မန္တလေး တစ်မြို့နက်တည်း တိုးချဲ့ပြေးဆွဲမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆီးညွှန့်ရာသီအထူးအစီအစဉ်
အထူးကား(၂၇)ယောက်စီး (2+1) ဈေးနှုန်း ကျပ် ၁၄၀၀၀
ရန်ကုန် - Hot line ; 09-73626666, 09-73787777,09-421012000.
မန္တလေး - Hot line ; 02-61881, 09-73221800, 0943337788.
GI Group Express ကို စီးကြည့်.........

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. KANG Chang-Hee ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား ဇမ္ဗူသီရိအဆောင်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မိမိတို့လွှတ်တော်မှ လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မိမိတို့ လွှတ်တော်ကို ပါတီ (၁၇)ခုမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ပါတီစုံ၊ တိုင်းရင်းသားစုံ၊ အယူဝါဒမျိုးစုံနှင့် ဖွဲ့စည်းထားသော်လည်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒစွဲ မထားရှိဘဲ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ရည်ရွယ်ပြီး ဆောင်ရွက်နေကြပါကြောင်း၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံအစိုးရ၊ လွှတ်တော်များနှင့်ပြည်သူများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယားနှစ်နိုင်ငံသည် အလွန်ရှည်ကြာသည့် ချစ်ကြည်ရင်းနှီးမှုရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကိုရီးယားနိုင်ငံထက် သုံးဆမျှ ကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လူဦးရေနှင့် သဘာဝအရင်းအမြစ် ကြွယ်ဝချမ်းသာသည့် နိုင်ငံဖြစ်၍ ကိုရီးယားနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပေါင်းစပ်နိုင်ပါက နှစ်ဦးနှစ်ဖက် အောင်မြင်မှုများစွာ ရရှိနိုင်မှာဖြစ်ကြောင်း၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် ဆောင်ရွက်သွားလိုပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ ကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-yong လည်းတက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. KANG Chang-Hee အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

❐ ပြည်သူ့လွှတ်တော်မှ

ကာယကံရှင် တောင်သူလယ်သမားများ အားလုံးကလည်း မိမိတို့လယ်ယာမြေများအား ဥပဒေနှင့်ညီညွတ်စွာ သားစဉ်မြေးဆက် အဆက်ဆက်ခိုင်မာစွာ လုပ်ပိုင်ခွင့်ရရှိရေးလုပ်ငန်းအပေါ် နိုးကြားစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစီရင်ခံစာဆွေးနွေးခြင်းကဏ္ဍတွင် အစည်းအဝေး တတိယနေ့က တင်ပြခဲ့သော ပြည်သူ့လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် ပတ်သက်၍ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးသန်းမြင့်က အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍတွင် **ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းက တင်သွင်းသည်။

တည်ဆဲ ရာဇသတ်ကြီးဥပဒေ (The Penal Code) တွင် အချို့ပြစ်မှုများ၌ ပြဋ္ဌာန်းထားသည့်ဒဏ်ငွေနှင့် ပြစ်ဒဏ်များမှာ နည်းပါးနေ၍ တိုးမြှင့်ရန်နှင့် အချို့သောပြဋ္ဌာန်းချက်များ၌ ပါရှိသော ဝေါဟာရ အသုံးအနှုန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေပါ ဝေါဟာရအသုံးအနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်၍ ဤဥပဒေ(မူကြမ်း)ကို ခေတ်ကာလအခြေအနေနှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲပြုစုထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးငွန်မောင်းက ဖတ်ကြားရှင်းလင်းသည်။

မူလဥပဒေဖြစ်သော The Penal Code ကို ၁၈၆၁ ခုနှစ် မေလ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေတွင် အခန်း(၂၃)ခန်းနှင့် ပုဒ်မပေါင်း(၅၁၁)ခု ပါရှိကြောင်း၊ ယခုတင်သွင်းလာသည့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မပေါင်း(၅၁)ခု ပါရှိကြောင်း သိရသည်။

ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ပတ်သက်၍ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက "ရာဇသတ်ကြီးဥပဒေက ကျွန်တော်တို့တိုင်းပြည်မှာ အင်္ဂလိပ် စတင်အုပ်ချုပ်တဲ့အချိန်ကစပြီး ဒီဥပဒေတွေကို ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်၊ ဥပဒေတွေမှာ ခေတ်နဲ့လိုက်လျောညီထွေမှုမရှိတော့တဲ့ အပိုင်းတွေကို ပြင်ဆင်ဖို့တရားလွှတ်တော်ချုပ်က တင်သွင်းလာတာဖြစ်ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီကလည်း ဒီအပေါ်မှာ စိစစ်ထားမှုတွေရှိပါတယ်၊ ဒါကြောင့် ရာဇသတ်ကြီးဥပဒေမှာ ပြင်ဆင်သင့်တဲ့အပိုင်းတွေ၊ ခေတ်နဲ့လိုက်လျောညီထွေဖြစ်မယ့် အခြေအနေတွေမှာ၊ ဒီမိုကရေစီကိုအသွင်ကူးပြောင်းနေတဲ့ ကာလမှာ လက်ကိုင်ထားရမယ့် ဥပဒေတွေဖြစ်စေဖို့အတွက် အခုပြင်ဆင်မှုအပေါ်မှာကျွန်တော့်အနေနဲ့ကတော့ ထောက်ခံပါတယ်၊ ဒီဥပဒေဟာကျွန်တော်တို့ တိုင်းပြည်အတွက်အရေးကြီးတဲ့ ဥပဒေတစ်ရပ်လည်းဖြစ်ပါတယ်"ဟုပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၁၀)ခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ အမျိုးသားလွှတ်တော်မှ

မြန်မာသံရုံး(၉)ရုံးနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး (၁)ရုံး စုစုပေါင်း (၁၀)ရုံးဖွင့်လှစ်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိရာ လက်ရှိကာလအထိ စုစုပေါင်း(၁၀၉) နိုင်ငံနှင့် သံတမန်ဆက်သွယ်မှု တည်ထောင်ထားရှိပြီးဖြစ်ပါကြောင်း။

အနာဂတ်အစီအစဉ်အနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုချက်အတွင်းမှ ကမ္ဘာ့ပထဝီဝင် ဒေသကြီးများအလိုက် မိမိနိုင်ငံတော်နှင့် နိုင်ငံရေး၊ စီးပွားရေး ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အရေးပါမှုများအပေါ် မူတည်၍ ပြည်ပနိုင်ငံများတွင် မြန်မာသံရုံးများတိုးချဲ့ဖွင့်လှစ်ရေးကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အာဆီယံနိုင်ငံများ၏ ပြည်ပ၌ ဖွင့်လှစ်ထားရှိသည့် သံရုံး/ကော်မရှင်ရုံး၊ ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ရုံး/ကောင်စစ်ဝန်ချုပ်ရုံးတို့ကို ဖော်ပြရလျှင် ကမ္ဘောဒီးယားနိုင်ငံက (၃၅)ရုံး၊ ဘရူနိုင်းဒါရုဆလင်နိုင်ငံက (၄၂)ရုံး၊ အင်ဒိုနီးရှားနိုင်ငံက(၁၃၁)ရုံး၊ မလေးရှားနိုင်ငံက(၁၀၄)ရုံး၊ လာအိုနိုင်ငံက (၃၃)ရုံး၊ ဖိလစ်ပိုင်နိုင်ငံက(၁၆၂)ရုံး၊ စင်ကာပူနိုင်ငံက(၄၆)ရုံး၊ ထိုင်းနိုင်ငံက (၉၅)ရုံးနှင့် ဗီယက်နမ်နိုင်ငံက(၈၃)ရုံးတို့ ဖွင့်လှစ်ထားကြောင်း ဖြေကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ရာ မသန်စွမ်းသူတို့နှင့် အသိဉာဏ်ချို့တဲ့သူတို့၏ စစ်တမ်းကို ထည့်သွင်းကောက်ယူရန် အစီအစဉ် ရှိ/မရှိ** မေးမြန်းချက်နှင့် စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ဖြေကြားရာတွင် ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းသူတို့နှင့် ပတ်သက်သည့် မေးခွန်းများကို မေးမြန်းရန် ထည့်သွင်းစီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းတွင် မသန်စွမ်းမှုအခြေအနေကို ဇယားတိုင်တစ်ခုအဖြစ် သီးသန့်ပါဝင်ပါကြောင်း၊ ၎င်းကဏ္ဍတွင် ကိုယ်အင်္ဂါ မသန်စွမ်းသူ၊ မျက်မမြင်၊ ဆွံ့အ/နားမကြား၊ စိတ်မမှန်၊ အခြားစသည်တို့ပါဝင်သော အချက်အလက်များစွာပါဝင်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း တင်သွင်းထားသည့် **ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေးအားဖွံ့ဖြိုးမှု ရှိသောဒေသများထက် အထူးဦးစားပေး အစီအစဉ်ဖြင့် ကန့်သတ်ချက်များ လျှော့ပေါ့၍ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသများဖြစ်သည့် နယ်စပ်ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ အခြေခံပညာကျောင်းတွင် ဆွဲခန့်ဆရာ၊ ဆရာမများနှင့် အထွေထွေလုပ်သားများခန့်ထားပေးရန် ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသ၏လိုအပ်ချက်အရ ဆရာ၊ ဆရာမများခန့်ထားမှုကို ဒေသခံတိုင်းရင်းသားများကို ဦးစားပေးပြီး အရည်အချင်း သတ်မှတ်ချက်စံနှုန်းများအား လျှော့ပေါ့၍ ခန့်ထားလျက်ရှိပါကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနမှလည်း တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးရုံသစ်ဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံ၏ဖွဲ့စည်းပုံကို စံကိုက်ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအဖြစ် ပြင်ဆင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအား အသစ်ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်တွင် ဆေးရုံသစ်ဖွင့်လှစ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသလူဦးရေအပေါ်တွင် သတ်မှတ်ချက်မထားဘဲ ဒေသ၏အခြေအနေနှင့် လိုအပ်ချက်အပေါ်တွင် မူတည်ပြီး ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခုဖြစ်သည့် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်နှင့် "ဝ"ဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများအား ဆေးတက္ကသိုလ်များသို့ စုစုပေါင်း ဝင်ခွင့်ပြုမည့် ကျောင်းသားဦးရေ၏ သုံးရာခိုင်နှုန်းကို မူလဝင်ခွင့်ပြု အနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့စဉ်းစား၍ အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ပြီး တက်ရောက်ပညာသင်ကြားခွင့်ပြုခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စိစစ်ရွေးချယ်ပေးသော သူနာပြုနှင့် သားဖွားသင်တန်းသူများကိုလည်း မူလဝင်ခွင့်ပြု အနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့ပြီး အထူးကိစ္စတစ်ရပ်အနေဖြင့် တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း။

အထက်ပါ လုပ်ငန်းစဉ်များကို သုံးသပ်ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ဝေးလံခေါင်းပါး၍ လူမှုခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသောဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို ရှုမြင်ရမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသအသီးသီးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကြားကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်းပြီးစက်ခလုတ်အသုံးပြု၍ ဆန္ဒပြုသည့်နည်းဖြင့် ဆောင်ရွက်ရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ယင်းအဆိုနှင့်စပ်လျဉ်း၍ ၎င်း၏အမြင်ကိုပြောကြားရာတွင် "ဒေသတစ်ခုဖွံ့ဖြိုးမှုနိမ့်ကျတယ်ဆိုရင် ဘာကြောင့်နိမ့်ကျသလဲဆိုတာ အရင်းအမြစ်ကိုရှာဖို့ အဲဒီအရင်းအမြစ်ကို သိမှ ကျွန်တော်တို့ ဘယ်လိုဖွံ့ဖြိုးအောင်တည်ဆောက်မလဲဆိုတဲ့ ဦးတည်ချက်နဲ့ ကျွန်တော်တို့သွားရမှာပါ။ အဲဒါကြောင့် ကျွန်တော်တို့က အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်လို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ဖွံ့ဖြိုးမှုကို အချိုးမျှတအောင်လုပ်မယ်။ ဆင်းရဲချမ်းသာ ကွာဟမှုနည်းအောင်လုပ်မယ်။ လူမှုအဆင့်အတန်းကို မြင့်အောင်ကြိုးစားမယ်ဆိုတဲ့ အချက်(၃) ချက်ကို ကျွန်တော်ပြန်ပြီးတော့ သုံးသပ်တာပေါ့နော်။ ကွာဟမှုရှိလို့ ဒီကွာဟမှု ဘယ်လိုကျဉ်းမြောင်းအောင်လုပ်မလဲဆိုတဲ့အခါမှာ ကျေးလက်နဲ့ မြို့ပြရှိတယ်။ မြို့ပြကဖွံ့ဖြိုးတယ်။ ကျေးလက်ကဆင်းရဲတယ်။ အဲ့ဒါကြောင့်ကျေးလက်က လူက မြို့ပြကိုလာပြီး ပြောင်းလာတော့ ကျေးလက်မှာ လူတွေက နည်းလာတဲ့အတွက် ကျေးလက်ကို ပြန်လည်တည်ဆောက်ဖို့လိုတယ်။ အဲဒီဦးတည်ချက်နဲ့ ကျွန်တော်တို့ ဆွေးနွေးတယ်။ ကျေးလက်နဲ့မြို့ပြကွာဟမှု အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးကွာဟမှုရှိတယ်။ ကျေးလက်မြို့ပြကွာဟမှုကို အထူးစီမံကိန်းတစ်ခုအနေဖြင့် လုပ်ပေးနိုင်မယ်ဆိုရင် ကျေးလက်ဒေသကလူထုကို အများကြီးအထောက်အကူဖြစ်နိုင်မယ်ထင်တယ်" ဟု ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်က **ရှေးခေတ်မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ကျေးလက်ဗဟိုပြု ရှေးခေတ်ရွာဦးကျောင်းဘုန်းတော်ကြီးသင် ပညာရေးစနစ်များအား အဆင့်မြှင့်တင်ပေးရေး** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်၏ဆန္ဒအရလွှတ်တော်တွင် မှတ်တမ်းအဖြစ်ထားရှိရန် ဆုံးဖြတ်သည်။

အစည်းအဝေးဆဋ္ဌမနေ့ကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU နှင့် လာအိုအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Pany YATHOTOU နှင့် လာအိုအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလွှတ်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်နန်းနီနီအေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Nilahath SAYARATH နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်းကိစ္စဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများအား နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်းကိစ္စဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်က ဦးဆောင်ကျင်းပသော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်း ရေးဆွဲခြင်းကိစ္စဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ထွန်းက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမျိုးသား လွှတ်တော်ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဦးကြည်ရှိန်က နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်ခင်သွယ်သွယ်မြင့်က နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေကြေးဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခင်မောင်ညို(ဘောဂဗေဒ)က နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ဘတ်ဂျက်လိုငွေ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်သည် ဇန်နဝါရီ ၁၆ ရက်က ကော်မတီအစည်းအဝေးခန်းမ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးစည်ပင်ဧရိယာ၌ တည်ဆောက်လျက်ရှိသည့် ဖောင်ကလောရေဆိုးသန့်စင်စက်ရုံနှင့် ရေခဲရေထိန်းတံခါးတို့သို့ သွားရောက်လေ့လာသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းရုံးခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပနိုင်ငံသားများ တည်းခိုနေထိုင်နိုင်မည့် Twin Towerကြီး ပြန်လည်မွမ်းမံတည်ဆောက်နေ

ကမ္ဘာ့လှည့်ခရီးသွားများ လာရောက်လည်ပတ်မှု များပြားလာသည်နှင့်အတူ ပြည်တွင်း၌စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် လာရောက်ကြမည့် ပြည်ပဧည့်သည်များသည်လည်း တိုးတက်လာရောက်လျက် ရှိသည်။ ပြည်တွင်း၌ အခြေချ၍စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြမည့် ပြည်ပနိုင်ငံသားများ တည်းခိုနေထိုင်နိုင်မည့် Shangri-La Residence ဟု အမည်ပေးထားသော Twin Towerကြီး Serviced Apartment တစ်ခုကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးစောင်း၌ ပြုပြင်မွမ်းမံ တည်ဆောက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်အတွင်း စတင်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရှိရသည်။

အဆိုပါ Twin Tower ကြီးကို မြေ ၁၅ ဧကအကျယ်တွင် ဟောင်ကောင်အခြေစိုက် Shangri-La Group မှ မွမ်းမံတည်ဆောက်လျက်ရှိရာ ၂၁ ထပ်အမြင့်စီရှိမည်ဖြစ်သည်။ အဆိုပါ အဆောက်အအုံများပေါ်တွင် အိပ်ခန်းပေါင်း ၂၄၀ ပါဝင်မည်ဖြစ်ကာ အားကစားခန်းမ၊ ရေကူးကန်၊ Gourmet Shop၊ Deli Shop နှင့် ကလေးကစားကွင်းများလည်း ပါဝင်မည်ဖြစ်သည်။

Shangri-La Residence ပြန်လည်မွမ်းမံတည်ဆောက်ရခြင်းနှင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အပေါ်အမြင်များကို Shangri-La အုပ်စုအောက်ရှိ Traders Hotel (ရန်ကုန်)မှ ဈေးကွက်မြှင့်တင်ရေးနှင့် အရောင်းဒါရိုက်တာ ဒေါ်ယင်းမာညိုက "ကျွန်မတို့နိုင်ငံဟာ ခရီးသွားလုပ်ငန်း လုပ်ကိုင်နိုင်ဖို့အတွက် အကောင်းဆုံးနေရာတစ်ခု ဖြစ်ပါတယ်။ အခုအချိန်မှာလည်း ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်နေတဲ့ ဟိုတယ်လုပ်ငန်းတွေကလည်း Tourism Industry အတွက် အကောင်းဆုံးအချိန်အခါ ဖြစ်ပါတယ်။ အခုလို ကမ္ဘာ့လှည့် ခရီးသွားလုပ်ငန်းတွေ တိုးတက်လာနေတဲ့အချိန်မှာ Shangri -La Group ကလည်း ကမ္ဘာအနှံ့ ဟိုတယ်နဲ့အပန်းဖြေစခန်းတွေကို တိုးချဲ့တည်ဆောက်နေသလို ကျွန်မတို့နိုင်ငံမှာလည်း တိုးချဲ့တည်ဆောက်လုပ်ကိုင်နေပါတယ်" ဟု ပြောပြသည်။

Twin Tower ကြီးကို အဆိုပါ ကန်တော်ကြီးစောင်းရှိ မြေနေရာ၌ ၁၉၉၇ ခုနှစ်က Shangri-La Group ကပင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး Shangri-La Group သည် ရန်ကုန်မြို့၌ Traders Hotel လုပ်ငန်းကို လုပ်ကိုင်နေပြီး အဆိုပါဟိုတယ်ဘေး၌ Traders Square ကို ထပ်မံတည်ဆောက်လျက်ရှိသည်။

Shangri-La Group အနေဖြင့် နိုင်ငံတကာတွင် ဟိုတယ်နှင့်အပန်းဖြေစခန်း ၇၆ ခုကို တည်ဆောက်ထားကြောင်း သိရှိရသည်။ **သာဘဏ် (ရန်ကင်း)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၁၅ ကျန်းမာဖို့အတူကစားစို့
၇း၂၀ MFF BEACH SOCCER CHAMPIONSHIP 2013 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရုပ်ရှင်အစည်းအရုံးအသင်းနှင့် ACE အသင်း)
၈း၁၅ တေးဂီတအစီအစဉ်
၈း၂၀ MFF BEACH SOCCER CHAMPIONSHIP 2013 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (လင်းစဒေါင်းအသင်းနှင့် UPT အသင်း)
၉း၁၅ နံနက်ခင်းသတင်း
၉း၂၅ International News

ညပိုင်း

၃း၅၀ MFF BEACH SOCCER CHAMPIONSHIP 2013 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ADMA Actor Star အသင်းနှင့် Royal Land အသင်း)
၅း၀၀ **ရောဝတီတံတားများ**
၅း၁၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၂၀ International Science News

ဈေးနှုန်းများ ကျဆင်းပါက တောင်သူလယ်သမားများ န... နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးကို မိုးစပါးထွက်ပေါ်ချိန်မှာပ...

နေပြည်တော် ဇန်နဝါရီ ၂၂

ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံ (Staple Food) ဖြစ်ပြီး ကမ္ဘာပေါ်တွင် ဆန်စားသုံးမှုနှုန်း အများဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ စပါး၊ ဆန်ဈေးနှုန်းများ မြင့်တက်မှုရှိပါက စားသုံးသူ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်နိုင်သကဲ့သို့ စပါး၊ ဆန်ဈေးနှုန်း နိမ့်ကျနေပါကလည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ တွက်ခြေမကိုက်ဘဲ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ ထိခိုက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းများ အကျဘက်တွင် ရှိနေကြောင်း၊ တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်ကို ဈေးနှုန်းများ ကျဆင်းနေပါက တောင်သူလယ်သမားများ နစ်နာမှုများရှိနိုင်သည့်အတွက် နိုင်ငံတော်အရန်ဆန်ဝယ်ယူရေးကို မိုးစပါးများ ထွက်ပေါ်ချိန်မှာပင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော် အရန်ဆန်ဝယ်ယူရာတွင် ဆန်အဖြစ် တင်ဒါခေါ်ဝယ်ယူလျက်ရှိသည့်အပြင် စပါးရောင်းချလိုသည့် တောင်သူလယ်သမားများထံမှလည်း အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက စပါးများ တိုက်ရိုက် သွားရောက်ဝယ်ယူပေးခဲ့ကြောင်း၊ အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကိုလည်း ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ပုဂ္ဂိုလ်များနှင့် ဖြည့်စွက်ဖွဲ့စည်းပေးပြီး လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်မှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့ပြင် ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းများသည် ပြီးခဲ့သည့် ဒီဇင်ဘာလလယ်တွင် ကျဆင်းခဲ့ပြီး ယခုအချိန်တွင် ဈေးအနည်းငယ် ပြန်တက်ခဲ့ကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်သည် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ရေမြေရာသီဥတုနှင့် စပါးမျိုးကွဲများအလိုက် ကွဲပြားမှုများရှိနိုင်ကြောင်း၊ ထုတ်လုပ်မှုစရိတ်နှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအပေါ် မပြတ်စိစစ်သုံးသပ်သွားရန်လည်း လိုအပ်ကြောင်း၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် ကုန်ကျစရိတ်များအပေါ် အခြေခံပြီး ထိုက်သင့်သည့်အကျိုးအမြတ်ရှိနိုင်မည့် ဈေးနှုန်းရရှိရေးအတွက် အခြေခံဈေးနှုန်း ဖြစ်ပေါ်စေရန် လိုအပ်ကြောင်း၊ အခြေခံစပါးဈေးနှုန်း တွက်ချက်ရာတွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ စပါးအမျိုးအစားအလိုက် တွက်ချက်သတ်မှတ်နိုင်ရေး ညှိနှိုင်းကြရန်လိုအပ်ကြောင်း၊ ဈေးကွက်ခိုင်မာရေးနှင့် ဈေးကောင်းရရှိရေးအတွက် အရည်အသွေးကောင်း စပါးမျိုးများ စိုက်ပျိုး

ရခိုင်ပြည်နယ် ပြည်သူများအတွက် အလ...

နေပြည်တော် ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် မြန်မာအစိုးရ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထေ... သည့်အနေဖြင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကျူလာပွန် နွန်... တစ်သိန်းကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်၍... ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

စဉ်

တိုက်ရိုက်
အစဉ်
အသင်းနှင့် UPT
င်း
News
H SOCCER
SHIP 2013
တိုက်ရိုက်
အစဉ်
r Star အသင်းနှင့်
အသင်း)
များ
ိုင်းရင်းသား
၁
Science News

၆း၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၀၀ **ညနေခင်းသတင်း**
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ **တူယှဉ်ကာနွဲ့ပျော် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်**
၆း၃၀ ရွှေရင်ခုန်သံ
၇း၀၀ ပြည်တွင်းသတင်း
၇း၁၀ **ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
၇း၂၅ လက်တွေ့တင်ဆက်ကလေးတို့ အိပ်မက်
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၁၀း၀၀ ပြည်တွင်းသတင်း
- မြန်မာရုပ်ရှင် **ဗိုလ်အောင်ဒင်** ခင်မောင်ရင်၊ ဘချစ်၊ မေမေဝင်း **(ဒါရိုက်တာ-ရွှေဒုံးဘီအောင်)**

ယ်သမားများ နစ်နာမှုများရှိနိုင်
ထွက်ပေါ်ချိန်မှာပင် စတင်ဆောင်ရွက်

ရှိအောင် ဆောင်
င်းဖြင့် စီးပွားရေး
်ရေးဝန်ကြီးဌာန
ဦးဝင်းမြင့်က
ခွဲတွင် အဆိုပါ
းခန်းမ၌ ကျင်းပ
ဖွံ့ဖြိုးတိုးတက်ရေး
ွင် ပြောကြား

စပါး၊ ဆန်ဈေး
သို့ ဒီဇင်ဘာလ
ယခုအချိန်တွင်
ဘက်ခဲ့ကြောင်း၊
လုပ်မှု ကုန်ကျ
ကြီး/ပြည်နယ်
ာနှင့် စပါးမျိုးကွဲ
ားရှိနိုင်ကြောင်း၊
အရောင်းအဝယ်
းအပေါ် မပြတ်
လည်း လိုအပ်
ယ်သမားများ၏
ရိတ်များအပေါ်
ည့်အကျိုးအမြတ်
ရရှိရေးအတွက်
ါ်စေရန် လိုအပ်
ဈေးနှုန်း တွက်
ကြီး/ ပြည်နယ်
းအစားအလိုက်
်ရေး ညှိနှိုင်းကြ
းကွက်ခိုင်မာရေး
အတွက် အရည်
မျိုးများ စိုက်ပျိုး

ထုတ်လုပ်နိုင်ရေး တောင်သူလယ်သမားများအားပညာပေးမှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အရန်ဆန်ထားရှိမှုကြီးကြပ်ရေးကော်မတီကို လုပ်ငန်းများပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းသွားရန်ဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက ထပ်လောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အစည်းအဝေး တက်ရောက်လာကြသူများက လယ်ယာမြေမှတ်ပုံတင်ရရှိပြီး လယ်ယာမြေအပေါင်ထားခြင်းမှ တောင်သူများ လိုအပ်သော ငွေကြေး၊ အရင်းအနှီး အမြန်ရရှိရေး၊ အရည်အသွေးအလိုက် ထိုက်သင့်သော စပါးဈေးနှုန်းများရရှိရေး၊ အရန်ဆန်ဝယ်ယူရေးဆိုင်ရာကိစ္စများနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် မျိုးသန့်စပါးမျိုးများ နေရာဒေသအလိုက် ထုတ်လုပ်ရေးနှင့် မျိုးသန့်ဇုန်များ ဖြစ်ပေါ်လာရေးကိစ္စရပ်များ အပါအဝင် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွက် အလှူငွေ လှူဒါန်း

နဝါရီ ၂၂

ယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထောက်ခံ
ိုး မစ္စတာကျူလာပွန် နွန်ဆရီချိုင်းက အမေရိကန်ဒေါ်လာ
်ကြီးဌာနသို့ လာရောက်၍ ဒုတိယဝန်ကြီး ဦးသန့်ကျော်ထံ

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေးဆောင်ရွက်မှုအား သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက်(၅/၂၀၁၃)

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

၁၃၇၄ ခု၊ ပြာသိုလဆန်း ၁၂ ရက်

"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"ကို ဥပဒေအဖြစ်ပြဋ္ဌာန်းရေးဆောင်ရွက်မှုအား သတင်းထုတ်ပြန်ခြင်း

၁။ **"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** အား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် အတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန်(၂၅-၁၀-၂၀၁၂)ရက်တွင် ပေးပို့သည်။ နိုင်ငံတော်သမ္မတက ပေးပို့လာသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအားဆန့်ကျင်သော ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုရန်ဖြစ်သည့် ဒီမိုကရေစီကျင့်စဉ်ကို ဆန့်ကျင်သောပြဋ္ဌာန်းချက်များ ပါရှိခြင်းကြောင့် ပြင်ဆင်ပေးပါရန်သဘောထားမှတ်ချက်ပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ (၁-၁၁-၂၀၁၂)ရက်တွင် ပြန်လည်ပေးပို့ခဲ့သည်။ [အဆိုပါ သတင်း အပြည့်အစုံအား (၂၆-၁၁-၂၀၁၂) ရက်ထုတ်သတင်းစာတွင် ဖော်ပြပြီးဖြစ်သည်။]

၂။ အဆိုပါဥပဒေကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးတွင် ထပ်မံဆွေးနွေးပြီး အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသည်။ ယင်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုလွှတ်တော်က ပထမအကြိမ်ပေးပို့လာသော ပြင်ဆင်ပြဋ္ဌာန်းချက်များအတိုင်းပင် ပြန်လည်အတည်ပြုထားခြင်းဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒဖြင့် အတည်ပြုထားခြင်းဖြစ်ရာ အများဆန္ဒအား အလေးဂရုပြုသောအားဖြင့် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုး၍ ဥပဒေနှင့်အညီ ပြန်လည်ပေးပို့ခဲ့သည်။ ထိုသို့ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပေးပို့သည့် သဝဏ်လွှာအပြည့်အစုံအား အများပြည်သူသိရှိနိုင်ရန် အောက်တွင်ဖော်ပြသည်-

"ရည်ညွှန်းချက်။ (၁) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်နာယက က ၂၅-၁၀-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး) ၉/၂၀၁၂-၆၅ ဖြင့်ပေးပို့သည့် သဝဏ်လွှာ

(၂) နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ၁-၁၁-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၇(၁)/၈/သမ္မတရုံးဖြင့် ပေးပို့သည့် သဝဏ်လွှာ

(၃) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၁၅-၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး)၉/၂၀၁၃- ၃ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

၁။ ရည်ညွှန်း(၂)ပါ စာဖြင့် မိမိက သဘောထားမှတ်ချက်ပြု၍ ပြန်လည်ပေးပို့သည့် ***"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"*** *အပေါ် ရည်ညွှန်း(၃)ပါ စာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းအား လက်ခံရရှိပါသည်။*

၂။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ***"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"*** *ဟု ပြဋ္ဌာန်းထားချက်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့်* ***"နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်"*** *ဆိုသည့် ဒီမိုကရေစီကျင့်စဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို ဆန့်ကျင်လျက်ရှိကြောင်း သဘောထားမှတ်ချက် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။*

၃။ သို့ရာတွင် အဆိုပါဥပဒေကြမ်းအား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးကြပြီး မဲခွဲဆုံးဖြတ်ရာ လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်က ပေးပို့သည့် မူလပြဋ္ဌာန်းချက်များအတိုင်း အတည်ပြုရန်ဆုံးဖြတ်ကြောင်း သိရှိရပါသည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မညီညွတ်ခြင်းသည် ဖြစ်ပေါ်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဆုံးအဖြတ်အပေါ်၌သာ မူတည်ပါမည်။ မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒအရ အတည်ပြုထားသော ***"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"*** *အပေါ် အများဆန္ဒအား အလေးဂရုပြုသောအားဖြင့် အတည်ပြုလက်မှတ်ရေးထိုး၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့အပ်ပါသည်။*

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ***"ဥပဒေပြုရေးအခန်း"*** *တွင် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၉၈၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် အထူးအလေးဂရုပြုသင့်ကြောင်း အောက်တွင်ဖော်ပြပါသည်-*

"၁၉၈။ လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ***ပြည်ထောင်စုလွှတ်တော်၊*** *တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က* ***ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်၊"***

၆။ သို့ပါ၍ နိုင်ငံတော်သမ္မတ အတည်ပြုလက်မှတ်ရေးထိုးပြီးသော ***"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"*** *အား ဆက်လက်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။"*

၃။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် အထက်အပိုဒ်(၂)ရည်ညွှန်းချက်(၁)ပါ သဝဏ်လွှာဖြင့်ပေးပို့လာသည့် အဆိုပါဥပဒေကြမ်း၏ မူလပြဋ္ဌာန်းချက်များ၊ရည်ညွှန်းချက်(၂)ပါ သဝဏ်လွှာဖြင့် ပြန်လည်ပေးပို့သည့် ပြဋ္ဌာန်းချက်အလိုက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များ၊ ရည်ညွှန်းချက်(၃)ပါ သဝဏ်လွှာဖြင့် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသည့် အပြီးသတ် အတည်ပြုချက်တို့ကို နှိုင်းယှဉ်လျက် အောက်တွင်ဖော်ပြသည်-

ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက် (အထက်အပိုဒ် ၂၊ ရည်ညွှန်းချက် ၁ သဝဏ်လွှာပါ။)	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် (အထက်အပိုဒ် ၂၊ ရည်ညွှန်းချက် ၂ သဝဏ်လွှာပါ။)	အပြီးသတ်အတည်ပြုချက် (အထက်အပိုဒ် ၂၊ ရည်ညွှန်းချက် ၃ သဝဏ်လွှာပါ။)
၁	၂	၃
❖၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁(က)တွင် ပါရှိသော "ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဖြစ်စေ၊ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်ပြခြင်း၊ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။	ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (ဃ)တွင် **"ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။"** ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင်လည်း ၄င်းအတိုင်းပင် ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)တွင် မူလပြဋ္ဌာန်းချက်ဖြစ်သည့် **"နိုင်ငံတော်၏ အရအသုံးစာရင်းများစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း"** အစား **"နိုင်ငံတော်၏အရအသုံးစာရင်းများ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်တင်ပြခြင်း၊ ထူးခြားသော အခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း"** ဖြင့် ပြင်ဆင်ပြဋ္ဌာန်းရန်ကိစ္စမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မတင်ပြလာပါက တောင်းခံ ဆောင်ရွက်စေနိုင်သော ကိစ္စဖြစ်သဖြင့် ပြင်ဆင်ရန်မလိုအပ်ပါ။	ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသည်။
❖၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁(ည)တွင် ပါရှိသော "မိမိ၏ ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊"ဆိုသည့် စကားရပ်ကို "မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။	ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ည)တွင် မူလပြဋ္ဌာန်းချက်ဖြစ်သည့် **"မိမိ၏ ဆောင်ရွက်ချက်ကို နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း"** အစား **"မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသည်နှင့် တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း"** ဟု ပြင်ဆင်ပြဋ္ဌာန်းရန်ကိစ္စမှာ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်နေကြောင်း** တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် **"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။"** ဟု ရှင်းလင်းစွာ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ ပေးပို့လာသော ပြင်ဆင်ချက်ဖြင့်ပြဋ္ဌာန်းလိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်နေကြောင်း တွေ့ရှိရပါသည်။	ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသည်။
❖ ၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁(ဋ)၏ နောက်တွင် (ဌ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်- "(ဌ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော် ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။"	ပုဒ်မ ၁၁ တွင်ပုဒ်မခွဲ(ဌ)အဖြစ် **"ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကိုစစ်ဆေးရန် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း"** ဟု ဖြည့်စွက်ပြဋ္ဌာန်းရန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ တွင် **"တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။"** ဟု ရှင်းလင်းစွာ ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ **၄င်းဖြည့်စွက်ပြဋ္ဌာန်းလိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်နေကြောင်း** တွေ့ရှိရပါသည်။	ပြည်ထောင်စုလွှတ်တော်၏ မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသည်။

၄။ **"ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေး ဆောင်ရွက်မှုအား အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

▲ရှေ့ဖုံးမှ

တို့ပါဝင်သည်။ ထို့အပြင် မရမ်းကုန်းမြို့နယ် ရစ်မိုင်လမ်းဆုံရှိ မြိုင်ဟေဝန်ပန်းခြံနေရာလည်း ပါဝင်သည်။

အဆိုပါ စီးပွားရေးဇုန်များတွင် လူနေခန်းများ၊ ဟိုတယ်များ၊ ကုမ္ပဏီရုံးခန်းများနှင့် စတိုးဆိုင်ကြီးများ ထည့်သွင်းတည်ဆောက်သွားရန် စီစဉ်ထားသည်။ ယခုအခါ စီးပွားရေးဇုန်ဒီဇိုင်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရေးဆွဲလျက်ရှိပြီး လာမည့် ဖေဖော်ဝါရီလအတွင်း ပြီးစီးမည်ဖြစ်ရာ ဂျပန်နိုင်ငံမှ အကူအညီပေးရေးအဖွဲ့အစည်းများက အတည်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဝေါမြို့ မိုးပျံကားကူးတံတားဝိတ်တန်းအား ကားကြီးဝင်ရောက်တိုက်မိ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့ရှိ မိုးပျံကားကူးတံတား၏အမြင့် ၁၅ပေရှိ တံတားဝိတ်တန်းကို ဇန်နဝါရီ ၂၁ ရက် နံနက် ၃ နာရီအချိန်ခန့်က ကျိုက်ထိုမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ၆ခ/... ၂၂ ဘီးကား ယာဉ်ပေါ်တွင် (VOLVO) မြေတူးယာဉ်ကို တင်ဆောင်လာစဉ် မလွတ်၍ ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါယာဉ်ကို ယာဉ်မောင်း ဦးသန်းဆွေ ၄၅ နှစ် တောင်ကြီးမြို့နေသူက မောင်းနှင်လာခဲ့ခြင်းဖြစ်ပြီး တံတားဝိတ်တန်းအမြင့်မှာ ၁၅ ပေရှိ၍ မြေတူးယာဉ်သယ်ကားအမြင့် မှာ ၁၆ ပေရှိပြီး မောင်းနှင်လာသည့် အရှိန်ဖြင့်တိုက်မိကာ တံတားဝိတ်တန်းမှာ ယိုင်လဲပြီး ယာဉ်ပေါ် ပိမိလျက်ရှိသည်။

အထက်ပါတံတားဝိတ်တန်း ပိတ်မိမှုကြောင့် ၂၄ ပေအကျယ်ရှိသည့်လမ်းမှာ ၁၆ ပေခန့် ပိတ်လျက်ရှိသဖြင့် ကိုယ်ပိုင်

သတင်း၊ဓာတ်ပုံ - သန်းသန်းအေး(ဝေါ)၊ မြင့်မောင်စိုး

ကားနှင့်ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုထားရကြောင်း၊တံတားဝိတ်တန်းပေါ်တွင် လျှပ်စစ်ကြိုးများ သွယ်တန်းထားရှိမှုကြောင့် လမ်းကြောင်း ရှင်းလင်းနိုင်ရေးအတွက် ဆောက်လုပ်ရေးအင်ဂျင်နီယာအဖွဲ့နှင့် မြို့နယ်လျှပ်စစ်အဖွဲ့တို့မှ လိုအပ်သည်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်

ဝေါမြို့ မိုးပျံကားကူးတံတားဝိတ်တန်းကို ကားဝင်ရောက်တိုက်မိမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ် နေ သော ကားတန်း ကြီးကို တွေ့ရစဉ်။

ဝေါမြို့ မိုးပျံကားကူးတံတား ပျက်စီးမှုကို တွေ့ရစဉ်။

လျက်ရှိကြောင်း၊ ယာဉ်ကြီးများ ဖြတ်သန်းသွားလာခွင့်ကို ပိတ်ထားကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ခရီးသွားများသွားလာမှု လွယ်ကူစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ရန်ကုန်-မော်လမြိုင်ကားလမ်း ဝေါမြို့လယ်ရှိ မိုးပျံကားကူးတံတားတွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသည်ထောင်နှင့်ချီ၍ သောင်တင်နေကြောင်း ဒေသခံတစ်ဦးက မြန်မာ့အလင်းသို့ ဖုန်းဆက်အကြောင်းကြားသည်။

"ဘယ်ကမှ ကားကြီးတွေသွားလို့မရဘူး၊ ဒိုင်နာလောက်ပဲ ခက်ခက်ခဲခဲ မောင်းရတယ်။ ဒီနေ့အထိ သက်ဆိုင်ရာတာဝန်ရှိသူတွေ လုပ်နေတာ အဆင်မပြေသေးဘူး"ဟု ဒေသခံတစ်ဦးဖြစ်သည့် ဦးဟန်ထွန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ တံတားပိတ်ဆို့နေမှုကြောင့် ရန်ကုန်ဘက်မှလာသော ကားများ၊ မော်လမြိုင်၊ ထားဝယ်ဘက်မှလာသော ကားများ ဆက်လက်မထွက်ခွာနိုင်ဘဲ ယာဉ်ကြောပိတ်ဆို့လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ အချို့သောကားများ ရန်ကုန်ဘက်သို့လည်းကောင်း၊ မော်လမြိုင်ဘက်သို့လည်းကောင်း ပြန်လှည့်မောင်းနှင်သွားလာနေရသည်ဟုဆိုသည်။ ယင်းယာဉ်ကြောပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်များပိတ်မိလျက်ရှိရာ ခရီးသည်ထောင်ချီပြီး ခရီးမဆက်နိုင်ဘဲ ပိတ်မိနေကြောင်းသိရသည်။

အဆိုပါယာဉ်ကြောပိတ်ဆို့မှုကြောင့် ကားတန်းကြီးမှာ နှစ်မိုင်ခန့် ရှည်လျားပြီး တံတားအနီးရှိ နေအိမ်များမှ စေတနာရှင်ပြည်သူများက ခရီးသည်များအား ရေနှင့်ထမင်းထုပ်များ ဝေငှပေးလျက်ရှိကြောင်း၊ မန္တလာမင်း၊ ရာဇာမင်းအစရှိသော ခရီးသည်တင် မှန်လုံယာဉ်ကြီးများအပါအဝင် ကုန်တင်ယာဉ်များအားလုံး ပိတ်မိနေကြောင်း၊ ကားလေးများသာ မောင်းနှင်သွားလာနိုင်ကြောင်း သိရသည်။

KIA အဖွဲ့က ကျောက်မျက် ကုမ္ပဏီအဆောက်အအုံများ မီးရှို့ဖျက်ဆီး ယာဉ်တန်းချုံခိုတိုက်ခိုက်ခံရမှုကြောင့် မော်တော်ယာဉ်တစ်စီးပျက်စီးပြီး တပ်ဖွဲ့ဝင်အချို့ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

KIA အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် ညနေ ၆ နာရီ ၁၀ မိနစ်ခန့်က ဖားကန့်မြို့နယ် ဆိုင်းဂျာဘွမ်ကျေးရွာအနီးရှိ နိုင်ငံတော်နှင့်အကျိုးတူလုပ်ကိုင်လျက်ရှိသည့် မက်(စ်)မြန်မာ ကျောက်မျက်ကုမ္ပဏီ၏ အဆောက်အအုံများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ကြိုင်ကျောက်မျက်ကုမ္ပဏီ၏ အဆောက်အအုံများကို လည်းကောင်း မီးရှို့ဖျက်ဆီးခဲ့သည်။

ထို့ပြင် KIA အဖွဲ့မှ အင်အား ၅၀ ခန့်သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုဒေသရှိ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သောရိက္ခာ၊ စားကုန်နှင့်လူသုံးကုန်ပစ္စည်းများပေးပို့သည့် ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ကြောင်း သိရသည်။

မြစ်ကြီးနား-ပူတာအိုလမ်းကြောင်း၌ ကုန်ပစ္စည်းပို့ဆောင်စဉ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ယခုနှစ် ဇန်နဝါရီ ၂၂ ရက်အထိ KIA အဖွဲ့၏ နှောင့်ယှက်တိုက်ခိုက်မှု (၁၆)ကြိမ်ရှိပြီဖြစ်ပြီး ယခုကဲ့သို့ ဖျက်ဆီးလုပ်ဆောင်မှုသည် သတင်းထုတ်ပြန်ချက် (၃/၂၀၁၃)ထုတ်ပြန်ပြီးနောက် အရပ်ဘက်ဆိုင်ရာများအား (၈)ကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

KIA အဖွဲ့မှ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သော မက်စ်(မြန်မာ) ကျောက်မျက်ကုမ္ပဏီအဆောက်အအုံများကို တွေ့ရစဉ်။

လွယ်ဂျယ်မြို့နယ် ဂျာမိုင်ကျေးရွာအနီး၌ တပ်မတော်စစ်ကြောင်းအား KIA အဖွဲ့က လာရောက်တိုက်ခိုက်

KIA အဖွဲ့မှ အင်အား ၂၀၀ ခန့်က လာရောက်တိုက်ခိုက်ခဲ့သည့် နေရာပြမြေပုံ။

နေပြည်တော် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲခန့်အထိ ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ် ဂျာမိုင်ကျေးရွာအနီး၌ တပ်မတော်စစ်ကြောင်းအား KIA အဖွဲ့မှ အင်အား ၂၀၀ ခန့်က လက်နက်ကြီး/လက်နက်ငယ်များ အသုံးပြု၍ လာရောက်တိုက်ခိုက်ခဲ့သည့်အတွက် တပ်မတော်က ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ရကြောင်း၊ နိုင်ငံတော်အစိုးရ၏ အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ခိုင်မာသည့်နိုင်ငံရေးဆွေးနွေးမှုများကို ဆောင်ရွက်သွားမည်ဟု သတင်းထုတ်ပြန်အပြီး (၄)ကြိမ်မြောက် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

သိမ်းဆည်းရမိ

ယင်းသို့ လာရောက်တိုက်ခိုက်မှုကြောင့် အရာရှိ နှစ်ဦး၊ အခြားအဆင့် စစ်သည် လေးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး စစ်သည်အချို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ KIA အဖွဲ့ထံမှ အမ်(၂၂) မောင်းပြန်သေနတ်တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

KIA တပ်ဖွဲ့ဝင်တစ်ဦး အလင်းဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းသို့ KIA တပ်မဟာ(၅)မှ ကိုယ်ပိုင်အမှတ် အေ(၅၀၁၃၄) တပ်သား နိုင်ဝင်း အသက်(၃၁)နှစ် (ဘ) ဦးလော့လီသည် လက်နက်မဲ့အလင်းဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

စောင့်ရှောက်ထား

တပ်သားနိုင်ဝင်းသည် တာလောကြီးကျေးရွာ၌ မိဘများနှင့်အတူ တောင်ယာလုပ်ကိုင်နေစဉ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်းက KIA အဖွဲ့၏အဓမ္မ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက် ယခုကဲ့သို့ အလင်းဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ KIA အဖွဲ့မှ အလင်းဝင်ရောက်သူ ၆၃ ဦးရှိသွားပြီ ဖြစ်ကြောင်း၊ အလင်းဝင် KIA တပ်ဖွဲ့ဝင်အား တပ်မတော်စစ်ကြောင်းနှင့် ဒေသခံပြည်သူများက Geneva Convention of August 12 th, 1949,Conflicts not of an International Charter (I) and (II) နှင့်အညီ ကောင်းမွန်စွာ စောင့်ရှောက်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် မန်စီမြို့နယ်၌ KIA အဖွဲ့မှ ထောင်ထားသောမိုင်းကြောင့် ကျောင်းသားလူငယ်တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်ဝိန်းကြီးကျေးရွာနေ အလယ်တန်းကျောင်းသားများဖြစ်ကြသည့် မောင်မျိုးလှိုင်၊ မောင်ဂမ်ဖန်နှင့် မောင်ဆန်းမိုင်တို့သုံးဦးသည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀နာရီခွဲခန့်တွင် မောင်ဂမ်ဖန်မောင်းနှင်သော ဆိုင်ကယ်ဖြင့် မန်ဝိန်းကြီး-မန်စီ ကားလမ်းအတိုင်း လဂပ်ဒေါ့ကျေးရွာဘက်သို့ ဟင်းသီးဟင်းရွက်ခူးရန် ထွက်ခွာရာမှ ယင်းကျေးရွာအလွန်ကိုက် ၁၀၀ ခန့်အရောက်တွင် KIA အဖွဲ့မှ ထောင်ထားသော မိုင်းတစ်လုံးအား ဆိုင်ကယ်ဖြင့် နင်းမိပေါက်ကွဲခဲ့သည်။

အဆိုပါမိုင်းပေါက်ကွဲမှုကြောင့် မောင်မျိုးလှိုင်(၁၇)နှစ် (ဘ)ဦးတန်ဂွမ်းမှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး မောင်ဂမ်ဖန်(၁၅)နှစ် (ဘ)ဦးဖော်ဂျွန်ဂွန်ရှောင်မှာ ယာဒူး၌ မိုင်းစထိမှန်ဒဏ်ရာရရှိသဖြင့် မန်ဝိန်းကြီးကျေးရွာဆေးခန်းသို့ လည်းကောင်း၊ မောင်ဆန်းမိုင်(၁၄)နှစ် (ဘ)ဦးဂွန်မိုင်မှာ ယာနားထင်၊ ယာခါး၊ ယာလက်မောင်းနှင့် ယာခြေမျက်စိတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိသဖြင့် နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လည်းကောင်း ပို့ဆောင်ကုသပေးလျက်ရှိကြောင်း ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။

စုစုပေါင်းလေးကြိမ်ရှိ

အလားတူဖြစ်စဉ်မျိုး ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဆွမ်ပရာဘွမ်မြို့နယ် ဇာနန်တံတားအနီး၌ တစ်ကြိမ်၊ မြစ်ကြီးနားမြို့နယ် တီယန်ဆွပ်ကျေးရွာအနီး၌ တစ်ကြိမ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖားကန့်မြို့နယ် အမှိုက်ပုံကျေးရွာ၌ တစ်ကြိမ်၊ ယမန်နေ့အထိ စုစုပေါင်းလေးကြိမ်ရှိခဲ့ပြီး အရပ်သားငါးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ပြီဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပုသိမ်မြို့ ရွှေသံဖြူပရဟိတရှိ သီရိရတနာကျောင်းဆောင်သစ်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၂

ပုသိမ်မြို့ အမှတ်(၁၀)ရပ်ကွက် ပိတောက်ချောင်းရပ် ရွှေသံဖြူပရဟိတ စာသင်တိုက်အတွင်းရှိ သီရိရတနာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ရွှေသံဖြူပရဟိတ စာသင်တိုက်ဆရာတော်နှင့် အလှူရှင် ဖိုက်ဝမ်းစက်သုံးဆီအရောင်းဆိုင် လုပ်ငန်းရှင် ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်စန်းရင်အေးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သီရိရတနာကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေသံဖြူ ပရဟိတစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူခဲ့ကြသည်။ **(သတင်းစဉ်)**

အမျိုးသမီးဆရာဝန်များအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)အမျိုးသမီးဆရာဝန်များအဖွဲ့၏ (၂၀၁၂) ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်၌ကျင်းပရာ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးက သဘာပတိအမှာစကားပြောကြားသည်။

အလုပ်အမှုဆောင်အဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာကို အဖွဲ့အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြတ်လေးကျင်က ဖတ်ကြားပြီး ငွေစာရင်းရှင်းတမ်းကို ဒေါက်တာဒေါ်ညွန့်ညွန့်သန်းက ဖတ်ကြားတင်ပြရာ အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးအတည်ပြုကြသည်။ အမျိုးသမီးဆရာဝန်အသင်းဝင်သစ်များ တိုးတက်ပါဝင်လာစေရေးနှင့် ပြည်သူများအကြားတွင် ကွင်းဆင်းကုသပေးရေးတို့အတွက် အထွေထွေဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၇)**

လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစေလို

ရန်ကုန် ဇန်နဝါရီ ၂၂

လမ်းအသုံးပြုခပေးဆောင်ရမှု မရှိဘဲ ဇန်နဝါရီလတစ်လအတွင်း အခမဲ့ ဖြတ်သန်းခွင့်ပြုထားသော ကမ်းနားလမ်းမသစ်ကြီးပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားနေရာ သက်ဆိုင်ရာမှစည်းကမ်းထိန်းသိမ်းပေးရန်လိုအပ်လာကြောင်း အဆိုပါ ကမ်းနားလမ်းမသစ်ကိုဖြတ်၍ ဆိပ်ကမ်းသို့ ကုန်ပို့နေသူများက ဆိုသည်။

အဆိုပါလမ်းမကြီး၏ လမ်းပိုင်းရှိနေရာအချို့တွင်လည်း ယာဉ်တိုက်မှုတို့ကြောင့် ဖြစ်ပွားသော ပျက်စီးမှုများကို ပြုပြင်မှုများရှိသည်ကို မြင်တွေ့နေရသည်ဟု အဆိုပါလမ်းကိုအသုံးပြုသွား လာသူများကဆိုသည်။ အဆိုပါလမ်းမကြီးပေါ်တွင် လမ်းအသုံးပြုခပေးဆောင်သွားလာမည့် ယာဉ်မျိုးစုံအပါအဝင် လမ်းအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အရှိန်လျှော့မောင်းနှင်ရေး၊ ကွေ့များတွင် လိုအပ်သော အစီအမံများပြုလုပ်ထားရေး၊ မြို့တွင်းလမ်းများကဲ့သို့ မြင်ရသော ဖြူ နီကျား သင်္ကေတများရေးဆွဲထားသော်လည်း လမ်းဘေးများတွင် ကုန်တင်ယာဉ်ကြီး၊ ငယ် အပါအဝင် ယာဉ်မျိုးစုံ စီတန်း ရပ်တန့်နေမှုများ၊ သဘော်ဆိပ်အဝင် လမ်းဆုံများတွင် ဈေးသည်များ ရောင်းချနေမှုများ၊ လမ်းဘေးစားသောက်ဆိုင် တည်ခင်းရောင်းချမှုများကို လမ်းဧရိယာနှင့် လွတ်ကင်းရေးတို့နှင့်အတူ လမ်း ကူးသူများအတွက်လမ်း အန္တရာယ်ကင်းရှင်းရေးကို အမြန်ဆောင် ရွက်ပေးရန်လိုအပ်နေသည်ဟု နေ့စဉ် ကမ်းနားလမ်းမသစ်ကို ဖြတ်သန်းနေရသူများက ပြောကြားသည်။ **(ခင်ဆိုင်)**

ကွန်တိန်နာကားကြီး အုတ်နံရံနှင့် ခါတ်တိုင်ကို ဝင်တိုက်

ရန်ကုန် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီ ခွဲခန့်က လမ်းမတော်မြို့နယ်အတွင်း ကမ်းနားလမ်းသစ်(ကွန်ကရစ်လမ်းမကြီး) ပေါ်၌ မြောက်မှတောင်သို့ မောင်းနှင်လာသော ပေ ၄၀ ကွန်တိန်နာကားကြီးမှာ ရွာသစ်ချောင်း(ရွာသစ်ချောင်းလမ်းထိပ်) အရောက်တွင် ရှေ့မှ မောင်းနှင်နေသော အငှားတက္ကစီတစ်စီးနှင့် ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးတို့က ရုတ်တရက် ဘရိတ်အုပ်လိုက်သည့်အတွက် ကွန်တိန်နာကားမောင်းသူမှာ ဘယ်ဘက်သို့ ကွေ့ယူလိုက်စဉ် အရှိန်မထိန်းနိုင်ဘဲ သဘော်ဝင်းအုတ်နံရံနှင့် ဓာတ်တိုင်ကို ဝင်တိုက်ပြီး ကားကြီးမှာ ရပ်တန့်သွားခဲ့သည်။

ပျက်စီး

ယာဉ်တိုက်မှုကြောင့် အုတ်နံရံနှင့် ဓာတ်တိုင်မှာ ပျက်စီးဆုံးရှုံးသွားခဲ့ပြီး ကွန်တိန်နာယာဉ်မှာလည်း ပုံပါအတိုင်း ရှေ့ပိုင်းပျက်စီးမှုများဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ရှေ့ကားငယ်နှစ်စီးအား လုံးဝတိုက်ခိုက်မှုဖြစ်ပွားခြင်းမရှိခဲ့သော်လည်း ယာဉ်မောင်းမှာ ကားရှေ့မှန်ကွဲစများ ထိမှန်မှုကြောင့် ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။

အနီးရှိ ကုမ္ပဏီကြီးတစ်ခုမှ ဝန်ထမ်းတစ်ဦးက "ဒီလမ်းကြီးက အရမ်းကောင်းတယ်။ ကျယ်လည်း ကျယ်တယ်။ ဒါကြောင့် ကားတွေက မောင်းကောင်းကောင်းနဲ့ အရှိန်နဲ့ မောင်းနေကြတယ်။ ခရီးသွားတွေနဲ့ ယာဉ်မောင်းသူတွေအတွက် အလွန်အန္တရာယ် ဖြစ်နိုင်တယ်။ ဒါကြောင့် ယာဉ်မောင်းသူရော ခရီးသွားသူတွေပါ သတိအမြဲရှိဖို့ လိုပါတယ်" ဟု ပြောကြားသည်။ **(သတင်းခရီးသည်တစ်ဦး)**

ခရီးသည်တို့၏ လိုအင်ဆန္ဒဖြည့်ဆည်းပေးပါ

ဖျာပုံ ဇန်နဝါရီ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလာမှု လွယ်ကူအဆင်ပြေရေးအတွက် အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ သွားလိုရာခရီးအချိန်တိုအတွင်း သွားရောက်လျက်ရှိကြသည်။ ဖျာပုံ-ရန်ကုန်(ဒလ) မိုင် ၆၀ ခန့် ခရီးအား တစ်ချိန်က လေးနာရီကျော် သွားရောက်ရသော်လည်း ယခုအခါ အငှား ယာဉ်ငယ်များနှင့် ၂ နာရီ ၁၅ မိနစ်ခန့်ဖြင့် သွားရောက်နိုင်ပြီ ဖြစ်သည်။ အငှား ယာဉ်ငယ်များကို ရန်ကုန် တောင်ပိုင်းခရိုင် မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီ လက်အောက်ရှိ ရွှေခြံသား၊ ရာသက်ပန်၊ ထာဝရနှင့် စစ်မှုထမ်းဟောင်း ဒေးဒရဲ ယာဉ်လိုင်းများမှ ယာဉ်ငယ်များ အလှည့်ကျ ဂိတ်ကြေးယူ ပြေးဆွဲလျက်ရှိရာ ယာဉ်မောင်းနှင့်ဂိတ်မှူး၊ ဂိတ်မှူးနှင့် ခရီးသည်များ မကြာခဏ ပြဿနာဖြစ်လျက် ခရီးသည်များသွားလာရာတွင် အဆင်မပြေမှုများဖြစ်နေကြောင်း ခရီးသည်များနှင့် ယာဉ်မောင်းများထံက ကြားသိရသည်။

သောကြာနေ့နှင့် ရုံးပိတ်ရက်များ ညနေ လေးနာရီကျော်က ကားများရှိသော်လည်း သတ်မှတ်နှုန်းထက် ပိုမိုတောင်းခံလျက် ပြေးဆွဲနေကြောင်း သိရသည်။ ယာဉ်ငယ်ကားဂိတ်ဖွင့်လှစ်သည်မှာ နှစ်များစွာကြာခဲ့ပြီဖြစ်သော်လည်း ခရီးသည်နားနေဆောင်နှင့် သန့်စင်ခန်းစီစဉ်ပေးမှုမရှိခြင်း၊ ခရီးသည်များ နွေကာလတွင် နေပူဒဏ်၊ မိုးတွင်းကာလတွင် မိုးရေထဲသွားလာ စီးနင်းနေရသည့်အတွက် အဆင်မပြေကြောင်း ခရီးသွားများ၏ လိုအင်ဆန္ဒများပွင့်လင်းရာသီတွင် တာဝန်ရှိသူများက ဖြည့်ဆည်း စီစဉ်ပေးရန် လိုအပ်နေကြောင်း ကြားသိရသည်။ **အောင်ဝင်း(ဖျာပုံ)**

ဘိုကလေးမြို့နယ်လူသတ်မှု ဖျာပုံ ဒုတိယခရိုင်တရားသူကြီးရုံးက စီရင်ချက် ချမှတ်

ဖျာပုံ ဇန်နဝါရီ ၂၂

ဖျာပုံ ဒုတိယခရိုင်တရားသူကြီးရုံး၏ ပြစ်မှုကြီးအမှတ် ၄၇/၂၀၁၂ အရ ဖျာပုံခရိုင် ဘိုကလေးမြို့ (၆) ရပ်ကွက် (၂) လမ်းနေ ဝင်းနိုင် ၃၅ နှစ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၂ အရ ထောင်ဒဏ် ၁၀ နှစ်ပြစ်ဒဏ်များ သီးခြားစီကျခံစေရန် ဇန်နဝါရီ ၈ ရက်က အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

အမှုမှာ ဖျာပုံခရိုင်ဘိုကလေးမြို့ (၆)ရပ်ကွက်(၂) လမ်းနေ ဝင်းနိုင် ၃၅ နှစ်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၂ တို့ကို ကျူးလွန်သဖြင့် ဘိုကလေးရဲစခန်းမှ ရဲအုပ်မိုးလွင်ဦးက ဘိုကလေးရဲစခန်း(ပ) ၁၆၇/၂၀၁၂ အရ တရားစွဲဆို တင်ပို့ခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်းနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၂ အရ ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ကြောင်း သိရသည်။ **(သောင်းညွန့်-ဖျာပုံ)**

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အထက ကျောက်တံခါး၏ သက်ကြီးအာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းနာယက **ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၃ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုး၊ ပညာဒါနအကျိုး၊ လူမှုလုပ်ငန်းအကျိုးများကို ဆတက်ထမ်းပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

သက်ကြီးအာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ
ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘဆရာအသင်း အထက ကျောက်တံခါး

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဘာသာ သာသနာအကျိုး လူမှုလုပ်ငန်းအကျိုးများတွင် စေတနာသဒ္ဒါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့သော **ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

ကျောက်တံခါးမြို့၊ ဥတ္တမာရုံစာသင်တိုက်ဂေါပကအဖွဲ့
ကျောက်တံခါးမြို့၊ စဥ့်အိုးလှကျောင်းတိုက်ဂေါပကအဖွဲ့
ကျောက်တံခါးမြို့၊ ကျွန်းကုန်းတောရကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့
ကျောက်တံခါးမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားရပါသော **ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)**အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာသာသနာအကျိုး လူမှုလုပ်ငန်းအကျိုးများကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

အစ်ကို၊ အစ်မများ- ဦးငြိမ်းအောင် ဒုညွှန်မှူး(ငြိမ်း)စည်ပင်-ဒေါ်အုန်းကြည်
ဦးစိန်ရနှင့်တူ၊ တူမများ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားရပါသော **ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)** အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၏ ၄-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာသာသနာအကျိုး လူမှုလုပ်ငန်းအကျိုးများကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

ဦးသိန်းဆွေ (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ချိုချို
မြင်းမိုရ်ပန်းမိသားစု၊ ကျောက်တံခါးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လူနေရပ်ကွက်အမှတ် ဇေယျာသီရိ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၃၁၆၊ အကျယ်အဝန်း(၂၅×၅၀)ပေရှိ နှစ်၆၀မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး မီတာအပါအဝင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဂရန်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဦးသိန်းမြင့်ထွန်း ၁၂/ဒပန(နိုင်)၀၀၃၆၀၆ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေကာ အရောင်းအဝယ်သဘောတူကတိပဋိညာဉ်စာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်၊ အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများသည် ခိုင်လုံသောတရားဝင် အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

အားကစားသတင်း

တစ်ပတ်အတွင်း MNL ပွဲစဉ်များကို ခံစားခြင်း

MNL အမှတ်ပေးပြိုင်ပွဲက စနေ၊ တနင်္ဂနွေနေ့တိုင်း ပုံမှန်စီးဆင်းနေသည်။ ဒီတစ်ပတ်စနေနဲ့ တနင်္ဂနွေနေ့(ဇန်နဝါရီ ၁၉၊ ၂၀ ရက်)တွေမှာ ပွဲစဉ်(၃)ကို ယှဉ်ပြိုင်ကစားခဲ့သည်။ ရာနှုန်းပြည့်နိုင်ပွဲတွေနှင့်အတူ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ဇေယျာရွှေမြေတို့ ဇယားထိပ်မှာ အပြိုင်ဖြစ်နေသည်။ ထိပ်တိုက်တွေ့ဆုံမည့် ပွဲစဉ် (၄)အတွက် မီးစာပိုမြှင့်ပေးလိုက်သလို နိုင်ပွဲပျောက်ဆုံးနေသည့် ကမ္ဘောဇနှင့် ရတနာပုံတို့ ပထမဆုံးနိုင်ပွဲများ စရသည်။

နည်းပြမာဂျန်ကိုင်တွယ်နေသည့် ဧရာဝတီနှင့်မကွေးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

မိနစ် ၉၀ နိုင်ပွဲတစ်ပွဲသာ ရှိသေးသည့်နည်းပြ

ပြီးခဲ့သည့် ၂၀၁၂ ရာသီ MFF CUP ရှုံး/ထွက်ဖလားကို ဧရာဝတီတို့ ရခဲ့သည်။ ဖလားရအောင် စွမ်းဆောင်ပေးခဲ့သူက ယာယီနည်းပြချုပ်အဖြစ် ကိုင်တွယ်ခဲ့သည့် မက်ဆီဒိုးနီးယားလူမျိုး မာဂျန်၊ အမှတ်ပေးပြိုင်ပွဲအပြီးတွင် ဧရာဝတီနှင့် နည်းပြ ဂျိုးဇက်ဟီရယ်လ်တို့ လမ်းခွဲခဲ့သည်။ ကြံ့ခိုင်ရေးနည်းပြအဖြစ် ဆောင်ရွက်နေသည့် မာဂျန်ကို ယာယီနည်းပြအဖြစ် ကိုင်တွယ်စေခဲ့သည်။ မာဂျန်ကလည်း ဖလားရအောင် လုပ်ပြလိုက်တော့ ဧရာဝတီအသင်းက တစ်ရာသီသက်တမ်းတိုးပြီး ၂၀၁၃ ရာသီကို ကိုင်တွယ်စေသည်။ ဒါပေမယ့် ပထမအဆင့်က ဗိုလ်လုပွဲအထိ လေးပွဲကစားရာမှာ သာမန်မိနစ် ၉၀ အတွင်း နိုင်ပွဲကတစ်ပွဲသာရှိသည်။ ဗိုလ်လုပွဲမှာ ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ ကျန်သုံးပွဲက ပယ်နယ်တီအဆုံးအဖြတ်တွေမှာ နိုင်ခြင်း ဖြစ်သည်။ ပယ်နယ်တီ Luck တွေရှိခဲ့သလို ဂိုးသမားဟောင်း သီဟစည်သူ၏ အစွမ်းကိုလည်း ငြင်းပယ်လို့မရ။ ဒီရာသီမှာတော့ ဧရာဝတီတို့ ကွန်မြူနတီဖလားပွဲ အပါအဝင် လေးပွဲကစားပြီးပြီ။ နိုင်ပွဲလုံးဝမရသေး။ ကွန်မြူနတီဖလားပြိုင်ပွဲမှာ ရန်ကုန်ကို ရှုံးသည်။ အမှတ်ပေးပွဲသုံးပွဲမှာ အနိုင်အရှုံးမရှိ။ သုံးပွဲစလုံးသရေကျသည်။ မနောမြေ၊ နေပြည်တော်နှင့် မကွေးတို့ကို သရေကျခဲ့ခြင်းဖြစ်သည်။ မာဂျန်က ဧရာဝတီကို ရှုံးထွက်ဖလားရယူပေးထားသူဆိုပေမယ့် မှတ်တမ်းကောင်းတော့မရှိသေး။ မိနစ် ၉၀ အတွင်း နိုင်ပွဲကတစ်ပွဲ၊ သရေတွေကများသည်။ ဒီရာသီမှာ နိုင်ပွဲလုံးဝမရသေး။

ရန်ကုန်-ဇေယျာရွှေမြေတို့၏ ရာနှုန်းပြည့်နိုင်ပွဲ

ပွဲစဉ် (၃) အပြီးမှာ ပွဲတိုင်းအနိုင်ရထားသည့် အသင်းက နှစ်သင်းသာရှိသည်။ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ပြိုင်ဘက်ဇေယျာရွှေမြေတို့ဖြစ်သည်။ အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံသောပွဲတွေ မပါသော်လည်း သူတို့၏နိုင်ပွဲတွေက ထိုက်တန်သည်ဟု ဆိုချင်သည်။ ဒီရာသီမှာ အသင်းငယ်ဟူ၍မရှိ။ အားလုံးက အဆိပ်တွေနှင့်။ မနောမြေနှင့်ပွဲမှာ ရန်ကုန်ကကံကောင်းသည်။ ဒုတိယပိုင်းမှာ မနောမြေရဲ့ ဖိအားပေးခြင်းကို ခံရပြီး ချေပဂိုးပြန်ပေးရသည်။ ကယ်တင်ရှင်က ကိုနေးအဒမ်မာ ပွဲပြီးခါနီးမှာ အနိုင်ဂိုးသွင်းသည်။ ရန်ကုန်အတွက် ပွဲတိုင်းဂိုးသွင်းထားပြီး သုံးပွဲမှာ သွင်းဂိုးက လေးဂိုး အထိရှိသည်။ ဇေယျာရွှေမြေကလည်း ဆောက်သမ်းကို အိမ်ကွင်းမှာ အနိုင်ကစားပြီး ရန်ကုန် နောက်ကို မျက်ခြည်မပြတ်လိုက်သည်။ ဇေယျာရွှေမြေရဲ့ နိုင်ပွဲတွေက တစ်မူထူးခြားသည်။ သုံးပွဲစလုံး အနိုင်ဂိုးတွေကို ဒုတိယပိုင်းမှ သွင်းနိုင်ခြင်းဖြစ်သည်။ သုံးပွဲဆက်နိုင်ထားသည့်ဒီနှစ်သင်း လာမည့် ပွဲစဉ် (၄)မှာတော့ တစ်သင်းသင်းနိုင်ပွဲဆက်စံချိန် ရပ်တန့်ခံရတော့မည်။ ဘာကြောင့်လဲဆိုတော့ မုံရွာကွင်းမှာ လာမည့်စနေနေ့တွင် ထိပ်တိုက် ယှဉ်ပြိုင်ရတော့မည်။ရန်ကုန်နှင့် ဇေယျာရွှေမြေ ဘယ်အသင်းနိုင်ပွဲဆက်စံချိန်ရပ်သွားမလဲ။ စိတ်ဝင်စားစရာကောင်းသည်။ သရေဆိုလျှင် နှစ်သင်းစလုံးဖြစ်သွားမည်။ ဒီရလဒ်ကို အခြားအသင်းတွေ ပိုကြိုက်မည်ဟု ထင်သည်။

သူတို့တွေ ပြန်လာပြီလား

ရလဒ်များဆိုးရွားနေသည့် ကမ္ဘောဇနှင့်ရတနာပုံတို့ ဒီတစ်ပတ်မှာ နိုင်ပွဲစရသည်။ နှစ်ပွဲကစားအပြီး တစ်မှတ်သာရသေးသည့် ဒီနှစ်သင်း အမှတ်ပြည့်စရခြင်းဖြစ်သည်။ နိုင်မယ့်နိုင်တော့လည်း ဒီနှစ်သင်းစလုံး တိုက်တိုက်ဆိုင်ဆိုင် နှစ်ဂိုး-ဂိုးမရှိ ရလဒ်များဖြင့် နိုင်ခြင်းဖြစ်သည်။ နိုင်ပွဲတစ်ပွဲရရုံဖြင့် သူတို့ပြန်လာပြီလားဟုပြောလျှင် စောနိုင်သေးသော်လည်း ဒီနိုင်ပွဲက နှစ်သင်းစလုံးအတွက် အရေးပါသည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်လာနိုင်သလို နိုင်ပွဲတွေအတွက်လည်း ယုံကြည်မှုပိုလာနိုင်စေသည်။

MNL က သုံးပိုင်းခွဲပြီး ကြည့်လို့ရသည်။ ချန်ပီယံဆုအတွက် ပြိုင်သည့် အသင်းတွေက တစ်အုပ်စု၊ အလယ်အလတ် အဆင့်အတွက် ပြိုင်နေသည့် တစ်အုပ်စုနှင့် တန်းမဆင်းရရေး ပြိုင်နေသည့် တစ်အုပ်စုတို့ ဖြစ်သည်။ ယေဘုယျသုံးသပ်လျှင် ဇွဲကပင်၊ ရခိုင်၊ ဆောက်သမ်းတို့က တန်းမဆင်းရရေး ပြိုင်ရမည့် အုပ်စုဖြစ်သည်။ ဒီတစ်ပတ်မှာတော့ ဇွဲကပင်က ရခိုင်ကို အနိုင်ကစားနိုင်ပြီး ပထမဆုံးနိုင်ပွဲယူသည်။ ပွဲဦးထွက်ပွဲမှာ ရတနာပုံကို သရေကစားပြခဲ့သည်။ ရခိုင်အသင်းက နှစ်ပွဲဆက် ရှုံးပြီး ဇယားအောက်ဆုံးသို့ ရောက်သွားသည်။ တန်းမဆင်းရရေးအုပ်စုကလည်း ချန်ပီယံဆုအတွက် ပြိုင်မည့် အုပ်စုကဲ့သို့ပင် အပြိုင်ဖြစ်နိုင်သည်။

ပွဲစဉ်(၄)အပြီးတွင် တစ်ပတ်နားမည်။ ဖေဖော်ဝါရီ ၉၊ ၁၀ ရက်များတွင် ပွဲစဉ် (၅)ကို ပြန်စမည်။ ပြီးလျှင် မြန်မာ့လက်ရွေးစင်အသင်း၏ AFC Challenge Cup ခြေစစ်ပွဲအတွက် တစ်လကျော်ရပ်နားမည်။ MNL အမှတ်ပေး ပြိုင်ပွဲကတော့ အရှိန်ရခါနီးမှ ဆန့်ငင် ဆန့်ငင် ဖြစ်တော့မည်။

(ရဲရင့်ရှိန်း)

ဒေးဗစ်ဖာယာနှင့် အင်ဒီမာရေး ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲတက်

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ စပိန်တင်းနစ်ကစားသမား ဒေးဗစ်ဖာယာက တစ်နိုင်ငံတည်းသား နီကိုလတ် အယ်မာဂရိုအား ခက်ခက်ခဲခဲကစားပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားခဲ့သည်။ ကမ္ဘာ့အဆင့် (၄)ရှိ ဒေးဗစ်ဖာယာသည် အကြိုဗိုလ်လုပွဲတွင် ဂျိုကိုဗစ် သို့မဟုတ် သောမတ်စ်ဘာဒစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗြိတိန်နာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးက ကမ္ဘာ့နံပါတ် ၃၆ ရှိ ဂျယ်ရီမီချာဒိုင်းနှင့် အကြိုဗိုလ်လုပွဲအဖြစ်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေသည်။ မာရေးနှင့် ဂျယ်ရီမီချာဒိုင်းတို့သည် အကြို ဗိုလ်လုပွဲအဖြစ် ယနေ့ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ အမေရိကန် အိုးပင်းချန်ပီယံအသင်း အင်ဒီမာရေးသည် ၂၀၁၀ ခုနှစ်က ဩစတြေးလျ အိုးပင်း ဒုတိယဆုရရှိခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကလည်း အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။

အဘူဒါဘီဂေါက်သီးပြိုင်ပွဲ ဂျမီးဒေါ်နယ်ဆင်ဖလားဆွတ်ခူး

ဝေလဂေါက်သီးချန်ပီယံ ဂျမီးဒေါ်နယ်ဆင်သည် အဘူဒါဘီချန်ပီယံရှစ် ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးအကျော်အမော် ဂျပ်စတင်းရို့စ်ထက် တစ်ချက်အသာရပြီး ချန်ပီယံဆုဖလားဆွတ်ခူးသွားခဲ့သည်။ ဒေါ်နယ်ဆင်သည် သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ပြီး ချန်ပီယံဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဂျပ်စတင်းရို့စ်သည် ၁၃ ချက်သာလျှော့ရိုက်နိုင်ခဲ့သည်။ အသက် ၃၇ နှစ်အရွယ်ရှိ ဒေါ်နယ်ဆင်သည် ၎င်းဖလားကို ဆွတ်ခူးရန် ၁၁ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသည်ဟုဆိုသည်။ ၎င်းသည် ဥရောပပြိုင်ပွဲပေါင်း ၂၅၅ ပွဲ စံချိန်တင်ကစားခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အိုင်းရစ်အိုးပင်းဖလားကို နောက်ဆုံးဆွတ်ခူးခဲ့သည်။



ကောင်းမြတ်သူ-စုစည်းသည်

ကရာတေးဒိုအဖွဲ့ချုပ် ရန်ပုံငွေဖျော်ဖြေပွဲ ကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၂၂

၂၀၁၃ ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် ရန်ပုံငွေဖျော်ဖြေပွဲကျင်းပနိုင်ရေး စာနယ်ဇင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ၈၄ လမ်းရှိ D&G စားသောက်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ကရာတေးဒိုဆပ်ကော်မတီအတွင်းရေးမှူး ဦးဇော်နိုင်က ရန်ပုံငွေဖျော်ဖြေပွဲအဖြစ် Iron Cross Music Band အဖွဲ့မှ မန္တလေးမြို့ ကမ်းနားလမ်းရှိ မန္တလေးမြို့ ကန်တော်ဥယျာဉ်၌ ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည့်အခြေအနေ၊ လက်ရွေးစင်ကရာတေးဒိုအားကစားများက Iron Cross Kick Show နှင့်အတူ အားကစားသရုပ်ပြပါဝင်မှု အစီအစဉ်တစ်ရပ်တို့ကို ရှင်းလင်းပြောကြားပြီး ပွဲစီစဉ်သူ ဦးတင်မောင်ဦးက ဖျော်ဖြေပွဲအတွက် စနစ်တကျ စီမံဆောင်ရွက်ထားရှိမှုများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်အနေဖြင့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းတွင် ကရာတေးဒိုအားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိနိုင်စေရန် ရည်ရွယ်၍ ပြိုင်ပွဲအကြိုလက်ရွေးစင် အားကစားသမားများကို စခန်းသွင်းပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးလျက်ရှိကာ ပြည်ပကရာတေးဒို အားကစားပညာရှင်နည်းပြဆရာများနှင့်လည်း အချိန်ပြည့်အချိန်ပိုင်း လေ့ကျင့်ပေးလျက်ရှိပြီး ပြိုင်ပွဲအတွေ့အကြုံ ရရှိနိုင်ရန်လည်း ဆီးဂိမ်းမတိုင်မီ ပြည်ပနိုင်ငံသို့ စေလွှတ်အောင်နိုင်ရေးအစီအစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေများလိုအပ်လျက်ရှိသဖြင့် ယခုကဲ့သို့ နိုင်ငံကျော်တေးဂီတဝိုင်းဖြင့် နာမည်ကြီးအဆိုတော်ကြီးများက အလှူရှင် စေတနာရှင် မန္တလေးဒေသခံပြည်သူများအတွက် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

တင်မောင်(မန္တလေး)

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
တင်ဒါပိတ်ရက် ရက်တိုးခြင်း

စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ၆-၁-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာတွင် တင်ဒါခေါ်ယူခဲ့သည့် ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)နှင့် မော်လမြိုင်အမှတ်(၄)အရက်ချက်စက်ရုံခွဲတို့အား ငှားရမ်းရန် တင်ဒါပိတ်ရက်ကို ၂၁-၁-၂၀၁၃ အစား ၃၀-၁-၂၀၁၃ရက်သို့ ရက်တိုးပါကြောင်းနှင့် အသေးစိတ်အချက်အလက်အား အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ
ဦးတင်မောင်ဝင်း(Managing Director၊ ရွှေနေခြည်ကုမ္ပဏီလီမိတက်)-
ဒေါ်သန်းသန်းအေးတို့၏သား

မောင်ကိုကိုဇေယျာဖြိုး

B.Engg(UK), Engineer(Electrical & Electric)

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ
ဦးချစ်စိန်-ဒေါ်ကြည်ကြည်ဝင်းတို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာ သန်းသန်းချစ်

M.B.,B.S(Ygn)

တို့သည် ၂၀-၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel(Executive Club) ၌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဘိုးဘိုး ဦးခင်အောင်မြင့်-ဘွားဘွား ဒေါ်ခင်ပြုံးနှင့် နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကိုကိုဇေယျာဖြိုး-ဒေါက်တာသန်းသန်းချစ်

ကားရောင်းမည်
(ပွဲစားမလို)
Toyota Mark II, 2001 (Regalia)
Pearl White ၂c/-----
ကျပ် ၁၇၅ သိန်း
ဖုန်း-၀၉-၄၃၁၄၀၄၆၇၊ ၀၉-၄၂၈၂၁၁၉၉၉

Au, Ag, Pt, Os, Ir, Ru, Rh,Pd, Sn နှင့် ပတ်သက်တဲ့ အသုံးအဆောင် ပစ္စည်းဟောင်းများ၊ စွန့်ပစ်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းဟောင်းများ ဝယ်လိုပါသည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၈၆၃၂၃၀၀

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၁)
(ကွယ်လွန်သူဒေါ်သန်းသန်း၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း)

ဦးတင်ဖေ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄ရပ်ကွက်၊ ယမနေ(၆)လမ်း၊ အမှတ် ၇၄၆/၇၄၇နေ ဦးတင်ဖေက ကွယ်လွန်သူဒေါ်သန်းသန်း၏ခင်ပွန်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄ရပ်ကွက်၊ ယမနေ(၆)လမ်း၊ အမှတ် ၇၄၆/၇၄၇နေ ကွယ်လွန်သူဒေါ်သန်းသန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သန်းသန်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၆ရက် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် အထက်အမည်ပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အနိုင်ရလဒ်ဖော်ဆောင်ဖို့ လိုအပ်နေတဲ့ ဂျူဗင်တပ်စ်ရဲ့ ပွဲစဉ် (၂၂)

မိုးမြင့်လင်းလက်-ရေးသည်

စီးရီးအေ မာရသွန်ခရီးကြမ်းကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဒုန်းစိုင်းပြေးနေတဲ့ အသင်းတွေဟာ ဖလားရရှိရေးအတွက် ပွဲတိုင်းအမှတ်အပြည့်အဝရရှိအောင် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိပါတယ်။ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်ဟာ ရမှတ်တွေ ပြတ်သားဖို့ ကြိုးစားအားထုတ်နေသလို ဒုတိယနေရာက နာပိုလီတို့ကလည်း ငါးမှတ်အကွာနဲ့ ဖိအားတွေပေးနေတာမို့ စီးရီးအေပွဲစဉ်တွေကတော့ ပရိသတ်တွေအကြိုက် မြိုင်ဆိုင်နေတာတော့ အမှန်ပါပဲ။ စီးရီးအေပွဲစဉ် (၂၂)ကို ဇန်နဝါရီ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ဆက်လက်ဆင်နွှဲမှာဖြစ်တာမို့ ဒီတစ်ပတ်ပွဲစဉ်တွေမှာ ဘယ်အသင်းတွေ အမှတ်စုဆောင်းနိုင်ဦးမလဲဆိုတာ စောင့်မျှော်အားပေးကြရဦးမှာဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ဂျီနိုအာ

ပြီးခဲ့တဲ့ ပွဲစဉ်မှာ အူဒီနီးစ်အသင်းကို လေးဂိုးပြတ်သွင်းယူပြီးအောင်ပွဲခံနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်ဟာ အခုပွဲကိုလည်း အိမ်ကွင်းမှာ လက်ခံကစားရမှာ ဖြစ်ပါတယ်။တန်းစီဇယားထိပ်ဆုံးက လွတ်လွတ်ကျွတ်ကျွတ်နဲ့ အမှတ်ဖြတ်ထားနိုင်ဖို့အတွက် ဒီပွဲကို ဂျူဗင်တပ်စ်တို့ အနိုင်ရလဒ်တစ်ခုတည်းကိုပဲ ဦးတည်ပြီး ကြိုးစားပါလိမ့်မယ်။ ဒီနှစ် စီးရီးအေမှာ ဂိုးသွင်းအများဆုံး တိုက်စစ်မှူးတွေထဲမှာ ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေ မပါဝင်ပေမယ့် ဂိုးသွင်းနိုင်သူများပြားတဲ့ ဂျူဗင်တပ်စ်ကို ညွှံ့သည်ဂျီနိုအာတို့ စနစ်တကျ ခုခံကစားမှုရပါလိမ့်မယ်။ တန်းဆင်းဇုန်အတွင်း ကျဆင်းနေတဲ့ ဂျီနိုအာဟာ အမှတ်လိုအပ်မှုရှိနေပေမယ့် ဂျူဗင်တပ်စ်ရဲ့ ကစားအားကို ကျော်လွှားဖို့ ဖြစ်နိုင်ခြေ နည်းနေပါတယ်။ အိမ်ရှင်ဂျူဗင်တပ်စ်အတွက် ဒီပွဲမှာ အနိုင်ရလဒ်ကိုပဲ ဆုပ်ကိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

ပါးမားနှင့် နာပိုလီ

ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဖီအိုရင်တီးနားကို အဝေးကွင်း သရေပွဲဖြစ်ခဲ့လို့ အမှတ်ဆုံးရှုံးခဲ့ရတဲ့ နာပိုလီဟာ အခုပွဲ ပါးမားကွင်းမှာ ကစားရမှာမို့ သတိထားရမယ့်ပွဲစဉ်ဖြစ်ပါတယ်။ ခြေစွမ်းကျဆင်းနေတဲ့ အိမ်ရှင်ပါးမားကို နာပိုလီတို့ အမာခံကစားသမားတွေနဲ့ ပွဲထွက်မှုရပါလိမ့်မယ်။ ပါးမားရော နာပိုလီပါ ပြီးခဲ့တဲ့ပွဲစဉ်မှာ နှစ်သင်းစလုံး သရေရလဒ်တွေပဲ ရရှိခဲ့တာမို့ ဒီပွဲမှာ သုံးမှတ်အပြည့်ရယူဖို့ အပြိုင်ကြိုးစားကြပါလိမ့်မယ်။ တိုက်စစ်ရောခံစစ်ပါအားသာတဲ့ နာပိုလီကို ပါးမားတို့ အမြင့်ဆုံးမှန်းနိုင်မှ တစ်မှတ်လောက်ပါပဲ။

လာဇီယိုနှင့် ချေယေးဗို

လာဇီယိုကွင်းမှာ ချေယေးဗိုတို့အသက်ရှူမဝအောင် ရုန်းကန်ရပါလိမ့်မယ်။ ဒီနှစ်မှာအကောင်းဆုံးခြေစွမ်းနဲ့ ထိုက်တန်တဲ့ရပ်တည်မှု ရရှိထားတဲ့ လာဇီယိုဟာ တိုက်စစ်မှူး ကလိုဆေး၊ ဟာနာနက်စ်တို့အားနဲ့ ချေယေးဗိုခံစစ်ကြောင်းကို ခြိမ်းခြောက်ဂိုးသွင်းဖို့ ကြိုးစားပါလိမ့်မယ်။ နားလည်မှုလွဲမှားတတ်တဲ့ ချေယေးဗို ခံစစ်မှူးတွေ တည်တည်ငြိမ်ငြိမ်နဲ့ မကစားရင်တော့ လာဇီယိုကွင်းကနေပြီး အမှတ်ဗလာနဲ့ အိမ်ပြန်ရကိန်း ဆိုက်သွားနိုင်ပါတယ်။

အင်တာမီလန်နှင့် တိုရီနို

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားတဲ့ အင်တာမီလန်ဟာ စီးရီးအေဖလားမျှော်လင့်ချက်ထားရှိနေသေးတာမို့ ဒီပွဲမှာတော့ အမှတ်အပြည့်ရယူနိုင်ဖို့ အားထုတ်ပါလိမ့်မယ်။ အင်တာမီလန်မှာ ဂိုးသွင်း ထက်မြက်တဲ့သူဆိုလို့ မီလီတိုပဲရှိတာမို့ ဂိုးရရှိဖို့တော့ ခြေကုန်ထုတ်မှ အခြေအနေကောင်းနိုင်ပါတယ်။ ကစားအားကောင်းတဲ့ အင်တာမီလန်ဟာ ဒီပွဲမှာတော့ နောက်တန်းခိုင်မာတဲ့ တိုရီနိုကို ဖြိုလဲအောင်စွမ်းဆောင်နိုင်မလားဆိုတာ ကြည့်ရမယ့်ပွဲပါ။

ကာတာနီးယားနှင့် ဖီအိုရင်တီးနား

သရေပွဲ၊ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဖီအိုရင်တီးနားတို့ဟာ ကာတာနီးယားကွင်းမှာ ခက်ခဲကြမ်းတမ်းမှုတွေနဲ့ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ ဒီပွဲဟာ ဖီအိုရင်တီးနားရဲ့ တိုက်စစ်မှူး ဂျိုဗီတစ်နဲ့ ကာတာနီးယားတိုက်စစ်မှူး ဘာဂတ်စ်ဆီရိုတို့ရဲ့ အားပြိုင်ပွဲလည်းဖြစ်နေပါတယ်။ ဒီပွဲဟာ နှစ်ဖက်ပရိသတ်တွေအတွက် နှစ်သိမ့်စရာရလဒ်ကို ဖော်ဆောင်ပေးနိုင်သလို ပြိုင်ဆိုင်မှုလည်းပြင်းထန်ပါလိမ့်မယ်။

အတ္တလန္တာနှင့် အေစီမီလန်

ရမှတ်တွေအပူတပြင်းလိုအပ်နေတဲ့ အေစီမီလန်ဟာ အတ္တလန္တာအိမ်ကွင်းမှာ ကျားကုတ်ကျားခဲ ကြိုးစားရပါလိမ့်မယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ ရှုံးထားတဲ့ အေစီမီလန်ဟာ ခြေစွမ်းတည်ငြိမ်အောင် ကြိုးစားနေတာမို့ အတ္တလန္တာကို ဒီပွဲမှာ အနိုင်ရအောင် သေသေချာချာပြင်ဆင်ကစားမှာ ဖြစ်ပါတယ်။ အေစီမီလန်ရဲ့ ဂိုးသွင်းသူရဲကောင်းတွေဖြစ်တဲ့ ရှာရာဝေးနဲ့ ပက်စီနိုတို့ခြေပေါ်ရင်တော့ ရည်မှန်းချက်တွေ ပြည့်ဝနိုင်တဲ့ပွဲအဖြစ် ပုံဖော်နိုင်ပါလိမ့်မယ်။ ॥

အားကစားသတင်း အတိုအထွာ

- မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့မှ တောင်ပံကစားသမား အသက် ၂၀ အရွယ်ရှိ ဇာဟာအား ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းဖြင့် ယခုသီတင်းပတ်ကုန်၌ စာချုပ်ချုပ်ဆိုတော့မည်ဖြစ်ကြောင်း ဖာဂူဆန်က အတည်ပြုပြောကြားသည်။
- အင်တာမီလန်ကွင်းလယ်ကစားသမား အသက် ၂၀ အရွယ်ရှိ ကိုတင်ဟိုအား လီဗာပူးက ပြောင်းရွှေ့ကြေး ပေါင် ၈ သန်းဖြင့် ခေါ်ယူစာချုပ်ရန် ကြိုးစားလျက်ရှိသည်။
- အန်ဒါလက်ချ်အသင်းမှ ကွင်းလယ်ကစားသမား ဘက်ဂလီရာအား ပြောင်းရွှေ့ကြေး ပေါင် ၈ သန်းဖြင့်ခေါ်ယူရန် ဆောက်သမ်တန်နည်းပြသစ် ပိုချီတီနို ကြိုးစားလျက်ရှိသည်။
- နောက်ခံကစားသမားတယ်ရီအား လာမည့်နွေရာသီ၌ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း ချယ်လ်ဆီးတာဝန်ရှိသူများက ပြောကြားသည်။
- မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်သည် လောလောဆယ်တွင် မန်စီးတီးအသင်း၌ ကစားနေရသော်လည်း ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် အာဂျင်တီးနားသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဝက်စ်ဘရွန်းတိုက်စစ်မှူး အိုဒမ်ဝင်ဂီသည် ကျူပီအာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- လီဗာပူးဂိုးသမား ရေနာသည် ဘာစီလိုနာအသင်း၌ ပြန်လည်ကစားလိုသောဆန္ဒရှိနေကြောင်း ၎င်း၏ဖခင်က ထုတ်ဖော်ပြောကြားသည်။
- မန်ယူနည်းပြဖာဂူဆန်က စပါးနှင့်ပွဲတွင် ကွင်းလယ်ဒိုင်လူကြီးက မှားယွင်းသော ဆုံးဖြတ်ချက်အချို့ရှိခဲ့ကြောင်း၊ ပယ်နယ်တီပေးသင့်သည်များ မပေးခဲ့ကြောင်း ဝေဖန်ပြစ်တင်ခဲ့သည်။
- လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်သည် ဘောလုံးကစားမှုနှင့် စိတ်ဓာတ်ပိုင်းတွင်လည်း ကောင်းမွန်သူတစ်ဦးဖြစ်ကြောင်း မန်ယူနောက်ခံလူ ဖာဒီနန်က ထုတ်ဖော်ချီးကျူးလိုက်သည်။
- စပါးတိုက်စစ်မှူး ဒီဖိုးအား စီးရီးအေကလပ် ပါးမားအသင်းက ခေါ်ယူရန် လေ့လာမှုများပြုလုပ်လျက်ရှိသည်။
- ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းသည် ထိုက်တန်သော ဆုဖလားတစ်ခုရရှိရန် ကြိုးစားသွားမည်ဟု နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းအား နောက်ဆုံးမိနစ်၌ ချေပဂိုးသွင်းယူနိုင်မှုမှာ မိမိဘဝ၌ မေ့ပျောက်မရသည့် အချက်ဖြစ်မည်ဟု စပါးအသင်းမှ ဒမ်ပဆေးက ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းတွင် ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်း၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ၊ လုပ်ငန်းတည်နေရာ၏ လိပ်စာအတိအကျကို ဖော်ပြ၍ အောက်ပါအထောက်အထားများနှင့်အတူ ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆) နေပြည်တော်သို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

(က) **ရေယာဉ်၏မှတ်ပုံတင်လက်မှတ်**

(ခ) **ရေယာဉ်အတွက် ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်း သက်သေခံလက်မှတ်**
(Certificate of Fitness for the Carriage of Petroleum in Bulk)

(ဂ) **ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် ကမ်းရိုးတန်းအနီးသွား ရေယာဉ်များအတွက် စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ်(ရေနံတင်ရေယာဉ်အမျိုးအစားဖြစ်ရမည်။)**
(Certificate of Survey/Safety Equipment Certificate and Loadlines Certificate) (For Oil Tanker)

(ဃ) **လုပ်ငန်းလိုင်စင်**

(င) **စက်မဲ့ဆီတွဲအတွက် ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်း သက်သေခံလက်မှတ်**
(Certificate of Fitness for the Carriage of Petroleum in Bulk)

(စ) **သယ်ယူဖြန့်ဖြူးရောင်းချမည့်ဒေသ**

(ဆ) **စက်သုံးဆီရရှိနိုင်သည့် ကုမ္ပဏီအဖွဲ့အစည်း၏ ထောက်ခံချက်စာချုပ်စာတမ်း အထောက်အထား**

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၁၃၂

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးဇော်လွင်(ခ)ဦးမျိုးခန့်-ဒေါ်ချိုချိုဝင်း (အောင်သိဒ္ဓိ ဆန်နှင့်ကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏ သားကြီး

ဗိုလ်ကြီးမျိုးကျော်ကျော်
B.Sc (Maths)(D.S.A)

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးကျော်သန်းဌေး-ဒေါ်မြမြတို့၏ သမီးလတ်

မခိုင်ဝတ်မှုံကျော်
B.Sc(Physics) Dip;in Computerized Accounting (LCCI, UK)
Junior Assistant, CB Bank SBGG Branch

တို့၏ ၁၂-၁-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံနေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးထွန်းလှအောင်နှင့်ဇနီး ဒေါ်ခင်သန့်ဇင်(မြို့နယ်တရားသူကြီး၊ ဒဂုံမြို့နယ်တရားရုံး)၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးမြင့်ထူးနှင့်ဇနီး ဒေါ်ချို့နွယ်ဦး၊ စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဒုတိယဗိုလ်မှူးကြီး တင်သိန်းဟန်(ငြိမ်း)နှင့်ဇနီး ဒေါ်မြမြဝိုင်း၊ မင်္ဂလာအိပ်ရာအခမ်းအနားပြင်ဆင်ပေးပါသော ဗိုလ်မှူးစံမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ရီရီညွန့်တို့အားလည်းကောင်း၊ ၁၉-၁-၂၀၁၃ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုး၊ မင်္ဂလာစိန်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ညွန့်တင်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်ကြည် (ဥက္ကဋ္ဌခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးကုမ္ပဏီ)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော (နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း)၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်နှင်းဝေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ မင်္ဂလာသတို့သမီးပန်ဆင်ရန် သဇင်ပန်းများမေတ္တာဖြင့်ကူညီပေးသော ဦးမောင်မောင်နှင့်ဇနီး မမစိန်၊ အမှတ်စဉ်(၆၃) ဗိုလ်သင်တန်းကျောင်းဆင်းအရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပို့ဆောင်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မငုံဝင့်ဟန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မအိသဲခိုင်နှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မမေမြတ်မွန်ကျော်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးဝင်းထွန်းအောင်နှင့် ဗိုလ်ကြီးပြည့်ဖြိုးကျော်၊ မင်္ဂလာသတို့သမီး အရံများဖြစ်ကြသော မပွင့်ဝါဝါဇော်နှင့် မလတ်စန္ဒီဇော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်ဒေါ်စိမ်းမို့မို့၊ မေတ္တာဖြင့် သီဆိုပေးပါသော တေးသံရှင်ဒေါ်ခိုင်ဝါ၊ (The Aces တီးဝိုင်း)၊ မင်္ဂလာသတို့သမီးဝတ်စုံဆင်မြန်းပေးပါသော သီတဂူမှ မနန္ဒာ၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော အရွှေနှင့်ထားထား(79- အဖွဲ့)၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော မိုးကိုဦးနှင့်အဖွဲ့၊ Yuzana Garden Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော အရာရှိနှင့်ဇနီးများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးကျော်ကျော်-မခိုင်ဝတ်မှုံကျော်

တစ်ဦးတည်းဖြစ်ပါကြောင်း

မကေသီအောင် ၁၂/ရပသ(နိုင်)၀၈၃၃၉၆ ၏ ဖခင်အမည်မှာ ဦးသောင်းရွှေ(ခ) ဦးသန်းဆွေ ၉/အမဇ(နိုင်)၀၃၃၁၆၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသောင်းရွှေ(ခ)ဦးသန်းဆွေ

မြေကွက်သုံးကွက်တွဲငှားမည်

ပေ(၁၂၀×၁၀၀)
ပြည်ထောင်စုလမ်းမကြီး
၄၆/တိုးချဲ့၊ မြောက်ဒဂုံမြို့နယ်
ဖုန်း-၀၉-၅၁၄၆၉၄၆၊
၀၉-၅၁၂၄၁၁၆

ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၁-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆တွင်ပါရှိသော တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် အရောင်းအဝယ်ပြုသည့် တိုက်ခန်း၏ တိုက်အမှတ်ကို ၄/ခဟု မှားယွင်းဖော်ပြမိခဲ့ပါသည်။ ယင်းတိုက်အမှတ် ၄/ခ အစား တိုက်အမှတ် ၄၁ ဟုပြင်ဆင် ဖတ်ရှုပေးပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရောဝတီတံတား(မလွန်)၌ ကားလမ်းနှင့် ယှဉ်တွဲပါဝင်သော ရထားလမ်းနှင့် ဘူတာရုံများ၊ တံတားငယ်များအား မြန်မာ့မီးရထားက တည်ဆောက်နေ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ခဲ့သည့် ဧရာဝတီမြစ်ပေါ်မှတံတားကြီးများဖြစ်သည့် ဧရာဝတီတံတား(ညောင်တုန်း)၊ ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား (ပခုက္ကူ) တံတားကြီးများတွင် ကားလမ်းနှင့်ယှဉ်တွဲလျက် ရထားလမ်းများကို တည်ဆောက်ဖောက်လုပ်ပေးခဲ့ပြီး ဒေသတွင်းရှိ ပြည်သူများ၏ ခရီးသွားနှင့်ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်လျက်ရှိပြီး မကြာခင်ပြီးစီးတော့မည့် ဧရာဝတီတံတား(မလွန်) တွင်လည်း ကားလမ်းနှင့်ယှဉ်တွဲ၍ ရထားလမ်းပါဝင်လျက်ရှိသောကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တံတားကြီးတည်ရှိရာ မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် စစ်ကိုးပင်(စစ်ခိုပင်) ကျေးရွာအနီး မိချောင်းရဲပဌာနဂိုရ်နှင့် မလွန်ဘက်ကမ်းတို့တွင် ရထားလမ်းဖောက်လုပ်ခြင်း၊ရထားတံတားငယ်များနှင့် ဘူတာရုံများတည်ဆောက်ခြင်းလုပ်ငန်းကို တံတားကြီးအပြီးတွင် တစ်ပြိုင်တည်း ရထားများ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

ယင်းသို့ ကြိုးပမ်းလျက်ရှိရာတွင် ဧရာဝတီတံတား(မလွန်)၌ တည်ဆောက်ပြီးစီးပြီဖြစ်သော မိချောင်းရဲဘက်ကမ်းရှိ ချဉ်းကပ်ရထားတံတား ၁၉၂၇ ပေနှင့် မလွန်ဘက်ကမ်းရှိ ချဉ်းကပ်ရထားတံတား ၂၀၁၂ ပေတို့တွင် ရထားသံလမ်းများ ခင်းပြီးဖြစ်သလို မကွေးရထားလမ်းနှင့် ဆက်သွယ်မှုရရှိရန် မိချောင်းရဲဘက်ကမ်းတွင် သံလမ်းများခင်းလျက်ရှိသည်။

တံတားကြီးပြီး၍ ရထားလမ်းများ ဖောက်လုပ်ပြီးစီးလျှင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ကြံခင်း၊ ပခုက္ကူ ရထားလမ်းနှင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ ရန်ကုန်-ပြည်-ပုဂံရထားလမ်းတို့ ချိတ်ဆက်ပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၄၃ ခုနှစ်မှစ၍ ဧရာဝတီမြစ်ကို အင်းဝ(စစ်ကိုင်း)တံတား တစ်စင်းမှသာ ကားနှင့် ရထားဖြတ်သွားကူးသန်းနေခဲ့ကြရာမှ ယခုအခါတွင် ဧရာဝတီမြစ်ပေါ်၌ တောင်ဘက်တွင် ဧရာဝတီတံတား (ညောင်တုန်း)၊ မြောက်ဘက်တွင် ဧရာဝတီတံတား (စင်းခန်း) အလယ်ပိုင်းတွင် ဧရာဝတီတံတား (ပခုက္ကူ)တို့၌ ကားနှင့် ရထားခုတ်မောင်းသွားလာနိုင်ရန် ယှဉ်တွဲဖောက်လုပ်ပေးထားသဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ပေးနိုင်မည့်အပြင် ဧရာဝတီတံတား (ညောင်တုန်း)နှင့် ဧရာဝတီတံတား (ပခုက္ကူ) နှစ်စင်းခြား မိုင် ၄၅၀ ကျော်၏ ထက်ဝက်ခန့်တွင် ကားနှင့်ရထားသွားလာနိုင်သည့် ဧရာဝတီတံတား (မလွန်)ရှိတော့မည်ဖြစ်၍ ခရီးမိုင်ဝေးကွာစွာ ကွေ့ပတ်သွားလာရသော စရိတ်စကများ သက်သာသွားတော့မည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ
ချမ်းမြေ့မောင်(ခရမ်း)

ဧရာဝတီတံတား (မလွန်) အနီးတွင် မြန်မာ့မီးရထားက တည်ဆောက်လျက်ရှိသည့် ဘူတာရုံနှင့် ရထားလမ်းကို ဤသို့တွေ့ရသည်။

မီးသတ်ယာဉ်အသစ် ကျောက်မဲသို့ ရောက်ရှိ

ကျောက်မဲ ဇန်နဝါရီ ၂၂

ရွှေသံလွင်ကုမ္ပဏီမိသားစုက လှူဒါန်းခဲ့သည့် မီးသတ်ယာဉ်သုံးစီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ ကျောက်မဲခရိုင် မီးသတ်ဦးစီးအရာရှိ ဦးကိုကိုကြီးတို့ ဦးဆောင်ပြီး ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက ကျောက်မဲ မီးသတ်စခန်းသို့ မောင်းနှင်ယူဆောင်လာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲစခန်းမှူး ရဲမှူးတင်ဌေး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသောင်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပါတီပေါင်းစုံမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ရိုးရာယဉ်ကျေးမှုအသင်းဝင်များက ရှမ်းအိုးစည်၊ တိုးနယားအကအခုန်များဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ရောက်ရှိလာသော မီးသတ်ယာဉ်သုံးစီးအနက် ကျောက်မဲအတွက် မီးသတ်ယာဉ်ကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဖွဲ့ဝင်ဆရာတော်ငါးပါးတို့က အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပေးကြပြီး အောင်သပြေရည် ပက်ဖျန်းပေးကြသည်။

ယနေ့ ကျောက်မဲသို့ရောက်ရှိလာသော မီးသတ်ယာဉ်သုံးစီးသည် ကျောက်မဲ၊ လားရှိုး၊ နောင်ပိန်၊ တန့်ယန်းမြို့နယ်များအတွက်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်များသို့ လိုက်လံပို့ဆောင်ရန် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဦးဆောင်ပြီး နံနက် ၁၁ နာရီတွင် ဆက်လက်ထွက်ခွာသွားခဲ့ကြကြောင်း သိရှိရသည်။ (ဝ၉ဝ)

မိတ္ထီလာမှ ကွက်လပ်ဖြည့်သည့်အလှူ

မိတ္ထီလာ ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းတွင် မိဘမဲ့လူငယ်နှင့် ဆင်းရဲနွမ်းပါးသည့် လူငယ်စုစုပေါင်း ၁၃၆ ဦးအား ကျွေးမွေးစောင့်ရှောက်ပြုစုထားလျက်ရှိရာ ဒေသခံအလှူရှင်များနှင့် ရပ်နီးရပ်ဝေးမှ စေတနာရှင်များက လူငယ်များအတွက်လိုအပ်သည့် အဝတ်အစား၊ နေ့စဉ် အစာအာဟာရနှင့် ပညာရေးအထောက်အကူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်မှာ ကွက်လပ်ဖြည့်သည့်အလှူကဲ့သို့ သာဓုခေါ် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

မိတ္ထီလာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၏ (၅၈) နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇန်နဝါရီ ၁၄ ရက်က အဆိုပါကျောင်းမှ လူငယ် ၁၃၆ ဦးအတွက် တစ်နေ့တာ အစာအာဟာရကျွေးမွေးလှူဒါန်းခြင်းကို လှူဒါန်းငွေကျပ်တစ်သိန်းဖြင့် ဖြည့်ဆည်းကျွေးမွေးရာ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းလှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ညောင်ကိုင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းမှ လူငယ် ၁၃၆ ဦးတွင် မိဘမဲ့ ၃၀၊ အဖမဲ့ ၃၅ ဦး၊ အမိမဲ့ ၃၈ ဦး၊ ဆင်းရဲနွမ်းပါး ၃၃ ဦးပါဝင်ပြီး ရပ်နီးရပ်ဝေးအနယ်နယ်အရပ်ရပ်မှ ခိုကိုးရာမဲ့ လူငယ်များအား လက်ခံပြီး ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပြုစုပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၄၃၅)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရွှေကြေးစည်-ကျိုက်ထီးရိုး / ချောင်းသာ
ရွှေစက်တော်ဖွင့်ပွဲ Feb 13, 14, 15
240860/372290 09-49282825

ASIA KING 01-387973, 09-43114301
မန်းရွှေစက်တော်(ဖွင့်ပွဲ) 35000
FEB 13, 14, 22, 29
65000
75000

ရတနာမိုး EASY GO TRAVEL & TOURS
ရန်ကုန်-ဂယာ-ရန်ကုန် (၁၄)ညအိပ် (၁၅)ရက် (၆)သိန်း (ငြိမ်း)
၁-၂-၂၀၁၃ ခရီးစဉ်အတွက်သာ
၂၅-၁-၂၀၁၃
Tel:01-246239,250835,395568, 377351, 377352,09-73029315, 09-5069882

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၃၊ မြေကွက်တည်နေရာအမှတ် ၁၅/၃၊ နွယ်သာကီလမ်း၊ ရွှေပြည်သာမြို့နယ် (ဦးညီလွင်ဟိန်း) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညီလွင်ဟိန်း ၁၂/မရက(နိုင်)၀၀၄၈၈၅ က ဂရန်မူရင်းပျောက်ဆုံးကြောင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံချက်၊ ဌာနဆိုင်ရာဝန်ခံချက်နှင့် တရားရုံးကတိသစ္စာပြုလွှာတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဆေးတက္ကသိုလ်(မကွေး)
သတ္တမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ဆေးတက္ကသိုလ်(မကွေး)၏သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၃-၂-၂၀၁၃ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ဆေးတက္ကသိုလ်(မကွေး) ပရဝဏ်အတွင်း မြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ဆေးပညာမဟာသိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများနှင့် ၂၀၁၁ခုနှစ် ဇွန်လနှင့် ဒီဇင်ဘာလများအတွင်း နောက်ဆုံး အမ်ဘီဘီအက်စ်အပိုင်း(ခ)သင်တန်း စာမေးပွဲဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး	-	၁၅၀၀ကျပ်
အဝေးရောက်ကြေး	-	၁၀၀၀ကျပ်
လျှောက်လွှာပိတ်ရက်	-	၁၃-၂-၂၀၁၃

သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ၁ $\frac{၁}{၂}$"×၂"ရောင်စုံဓာတ်ပုံ(သုံး)ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၆၃-၂၃၇၀၁၊ ၀၆၃-၂၃၇၀၂၊ လိုင်းခွဲ-၂၀၇)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။)

နုနုရီ
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်(မကွေး)

သာသနိုင်ငံနှင့်ရောင်းရင်းများ ကျိုက်ထီးရိုး-နေ့စဉ် ချောင်းသာ-နေ့စဉ်
Jan-25, Feb-1/8/15/22
Ph : 241863, 380141, 09-43043109

အာရှနဂါး
ချောင်းသာ/ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

ကျေးဇူးဆပ်ပါမည်

မဖွားတင်၏နိုင်ငံကူးလက်မှတ်-၇၀၂၈၂၉ နှင့် မှတ်ပုံတင် ISN602997တို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၅၀၀၃၀၄၅၀

ရတနာမိုး
9 Feb
8 Feb
10 Feb
9,11 Feb
12 Apr
12 Apr
Tel:09-73198145, 09-43142178, 01-246239, 377351, 37735

[illegible]

မြန်မာစစ်တုရင်အကြောင်း တစေ့တစောင်း

မြန်မာစစ်တုရင်သည် မြန်မာဘုရင်များလက်ထက် စစ်ချီ၊ စစ်ထွက် စစ်တက်၊စစ်ထိုး၊စစ်တိုက်သည့်သေနင်္ဗျူဟာကို အခြေခံ၍ ကစားသော မြန်မာတို့၏ ရိုးရာအမွေအနှစ် ကစားနည်းဖြစ်သည်။ အကြောင်းမှာ အရုပ်များကိုခေါ်ဝေါ်ပုံ၊ ထုလုပ်ထားပုံ၊ ကစားနည်း စည်းကမ်းစသည်ဖြင့် စနစ်တကျ သတ်သတ်မှတ်မှတ် ခိုင်ခိုင်ထည်ထည်ရှိနေခြင်းသည်လည်း မြန်မာလူမျိုးတို့၏ မြန်မာ့စစ်တုရင်မှာ ဂုဏ်ယူစရာကောင်းလှသည်။

အမှတ်မထင် ဇန်နဝါရီ ၃ ရက်က ရေစကြိုမြို့ အမှတ်(၈) ဇေယျဝတီ ရပ်ကွက် ဗလငါးတန် စာကြည့်တိုက် အသင်းကကြီးမှူး၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် မြန်မာစစ်တုရင်ပြိုင်ပွဲ ထည့်သွင်းကျင်းပသည်ကို တွေ့မြင်ခဲ့ရသဖြင့် မေးမြန်းကြည့်ရာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် မြန်မာစစ်တုရင်ကို ပြန်လည်ရှင်သန်စေရန် ဖော်ထုတ်သောအားဖြင့် ပြိုင်ပွဲကျင်းပပေးခြင်းဖြစ်ကြောင်း ဗလငါးတန် စာကြည့်တိုက်အသင်းကို စတင်တည်ထောင်ခဲ့သူဦးအောင်ဆန်း (အောင်သိဒ္ဓိ-နံ့သာတိုင်)က ပြောပြသည်။

ယခုမှ အသစ်အဆန်းသဖွယ် ပြန်လည်မြင်ခွင့် ရရှိခြင်းကြောင့် စစ်တုရင်ရုပ်များကို ထုလုပ်သူကိုယ်တိုင်လည်း နှစ်ပေါင်း (၄၀)ခန့် ကစားနေသူ အသက် (၇၆)နှစ်ရှိ ဦးစိန်ဝင်း(ဦးစီးမှူးမွေး/ကု၊ ငြိမ်း)အားတွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းက "၁၉၇၅/၇၆ ခုနှစ်လောက်ကတည်းက ရေစကြိုမြို့မှာ ရေပန်းစားခဲ့တဲ့ မြန်မာစစ်တုရင် ကစားနည်းပါ။ အဲဒီအချိန်ကတော့ ဆရာဟန်တို့၊ ဦးတင်လှ(သွားစိုက်)တို့ ကစားနေတာကို ဘေးကကြည့်ပြီး အားကျခဲ့တာပါ။ နောက်တော့ ဆရာကြီးများထံမှာ သင်ယူခဲ့ပါတယ်။ ယနေ့အထိတော့ ကျွန်တော်နဲ့ ကစားဖက်တွေဖြစ်တဲ့ ဦးသန်း၊ ဦးသိန်းမြင့်၊ ဦးခင်ချို၊ ဦးထွန်းကြည်၊ ဦးလှဝင်းအောင်တို့ ရှိနေပါသေးတယ်။"

မေး။ ။ အရုပ်တွေကို ဘယ်လိုအသားနဲ့ ထုလုပ်ပုံစနစ်ကို သိပါရစေ ခင်ဗျာ။

ဖြေ။ ။ အရုပ်ထုတဲ့အသားက ယမနေသားနဲ့သရက်သားက အကောင်းဆုံးပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒီကစားနည်း က စိတ်ကိုနှစ်ပြီး စဉ်းစဉ်းစားစားနဲ့ဈာန်ဝင်ပြီး ကစားကြရတာဖြစ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် အပြောအချေတွေနဲ့ ကစားရင်း "ခွေ" ဆိုတဲ့ အသံနဲ့အတူ "ဒုန်း"ဆိုပြီး အားရပါးရ ပစ်ချ ကစားတာဆိုတော့ အပွန်းအပဲ့ အထုခံနိုင်တဲ့ ယမနေနဲ့ သရက်သားကို ထုတာပါ။ ထုလုပ်ပုံကတော့ စစ်သည်တော် ရုပ်ဆိုရင် ညာဒူးထောင် ဘယ်ဒူးလှဲနေပုံ ထုရပါတယ်။ ဘုရင်ပုံကိုတော့ မင်းဝတ်တန်ဆာအစုံအလင်နဲ့ သန်လျက်ပိုက်ပြီး တင်ပျဉ်ခွေထိုင်နေပုံထုရပါတယ်။ မြင်းကျပြန်တော့ မြင်းရုပ်နဲ့ ကျောပေါ်မှာ စစ်သည်တော်ပုံနဲ့ ထုရပါတယ်။ ဆင်ရုပ်ဆိုရင်လည်း စစ်ထွက်ဆင်အင်္ဂါနဲ့

ဖေထွဏ်းဇော်-ရေစကြို

အညီ ချပ်ဝတ်တန်ဆာဝတ်ဆင်ပြီး ကျောပေါ်မှာ စစ်သည်တော်ပုံနဲ့ ထုရပါတယ်။ စစ်ကဲဆိုတော့ ထိုင်လျက် ဓားထမ်းတဲ့ပုံ ထုရပါတယ်။ ရထားကိုတော့ ပန်းရထားပုံ၊ တန်ဆာပုံနဲ့ ထုရပါတယ်။ စစ်အင်္ဂါလေးပါးဖြစ်တဲ့ စစ်ကဲ၊ ဆင်၊ မြင်း၊ ရထားကို အခြေခံထား ထုခြင်းဖြစ်ပါတယ်။ အင်္ဂလိပ် စစ်ဘုရင်မှာလည်း ဘုရင်မ၊ ဟော့(စ်)၊ ဘစ်ရှော့၊ ကတ်စတယ်လ် စတဲ့ဟာတွေနဲ့ တူပါတယ်။

မေး။ ။ ကစားနည်းစည်းကမ်း၊ အရုပ်အရေအတွက်၊ လှုပ်ရှားရွှေ့ပြောင်းပုံ စည်းကမ်းများကိုလည်း သိပါရစေ။

ဖြေ။ ။ အရုပ်အရေအတွက်က စပြောမယ်ဗျာ။ နယ်လို့ခေါ်တဲ့ စစ်သည်တော်ရုပ်က ရှစ်ရုပ်၊ မြင်းရုပ်က နှစ်ရုပ်၊ ဆင်ရုပ်က နှစ်ရုပ်၊ စစ်ကဲက တစ်ရုပ်၊ ရထားက နှစ်ရုပ်၊ ဘုရင်ကတစ်ရုပ် စုစုပေါင်း ၁၆ ရုပ် ရှိပါတယ်။ စည်းကမ်းက အင်္ဂလိပ်စစ်တုရင်အရုပ်စီရင် ကစားသူနှစ်ဦးဒီအတိုင်း ကိုယ့်အရုပ်ကိုယ်စီတာပဲ။ မြန်မာစစ်တုရင်က အဲဒီလိုမဟုတ်ဘူး။ တစ်ဖက်နဲ့တစ်ဖက်စီတာ မသိအောင် အလယ်ကာထားရတယ်။ အရုပ်တွေကတော့ သူ့နေရာနဲ့သူစီတာပေါ့။ ဒါပေမယ့် ဘုရင်ကို ဘယ်အကွက်မှာ ထားတယ်ဆိုတာ မသိရအောင် ကာထားတာဖြစ်ပါတယ်။

ဒါ မြန်မာစစ်တုရင်ရဲ့ ထူးခြားတဲ့ စည်းကမ်းတစ်ခုပဲ ဖြစ်ပါတယ်။ အရုပ်ရွှေ့တဲ့နည်းစနစ်က အင်္ဂလိပ် စစ်တုရင်နဲ့ မြန်မာစစ်တုရင် ကစားကွက်ရွှေ့တဲ့ နည်းချင်းတူတာကတော့ မြင်း၊ ရထား၊ ဘုရင်ကြီး၊ စစ်သည်တော်တွေဖြစ်ပါတယ်။ မတူတာက မြန်မာစစ်တုရင်မှာ ဆင်ကရှေ့သုံးကွက်၊ နောက်နှစ်ကွက်ပဲ ရွှေ့ရတယ်။ စစ်ကဲက ရှေ့တစ်ကွက်နဲ့ ဒေါင်လိုက်တစ်ကွက်ပဲ ရွှေ့ရတယ်။ ဘုရင်ကြီးက ပတ်လည် ကိုးကွက်ရွှေ့လို့ရတယ်။ ပြိုင်ပွဲကစား နေစဉ်မှာ တစ်ရုပ်တည်းပဲ ကျန်တဲ့ စစ်သည်တော်ရုပ်က တစ်ဖက်နယ်ထဲရောက်ရင် ထောင့်တန်းမျဉ်းပေါ်ရောက်ရင် စစ်ကဲရုပ်နဲ့လဲခွင့်ရှိပါတယ်။

မေး။ ။ အခုပြိုင်ပွဲမှာမျိုးဆက်သစ်တွေ ပါဝင်ယှဉ်ပြိုင်တာရှိပါသလား ခင်ဗျာ။

ဖြေ။ ။ တစ်ဦး နှစ်ဦးလောက်ပဲရှိပါတယ်။ ဒါပေမယ့် ကလေးတွေ စိတ်ဝင်စားကြပါတယ်။ အရုပ်တွေကလည်း သူတို့အမြင်မှာ ထူးဆန်းနေတယ်လေ။ သင်ယူချင်သူတွေများပါတယ်။

မေး။ ။ အခြားပြောချင်တာများရှိရင် သိပါရစေ ခင်ဗျာ။

ဖြေ။ ။ ပြောရရင်တော့ မြန်မာစစ်တုရင်ဆိုတာ ရှေးယခင်ကတည်းက

ဦးအောင်ဆန်း

ကစားခဲ့ကြတဲ့ မြန်မာတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု ရိုးရာကစားနည်းပါ။ အခုတော့ ပျောက်ကွယ်လုနီးနီးဖြစ်နေတာပေါ့။ ဒါကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဖို့လိုပါတယ်။ ကျွန်တော်တို့လည်းဖော်ထုတ်နေပါတယ်၊ ကျွန်တော်ငယ်ငယ်က လူကြီးတွေ ကစားနေတာကို ဘေးကထိုင်ကြည့်ရတဲ့ အချိန်က စာတန်းလေးတစ်ခု အမှတ်ရလို့ ပြောရဦးမယ်။ "သင့်ဉာဏ်ရည်ကို တိုးတက်စေဖို့ စစ်တုရင်ကို ကစားစို့" ဆိုတဲ့ စာတန်းပါပဲ။ တကယ့်ကို အကြံဉာဏ်တွေကို ထုတ်သုံး၊ စဉ်းစဉ်းစားစားနဲ့ ကစားရသလို တကယ့် စစ်မြေပြင်မှာ စစ်တိုက်နေသလိုမျိုး စိတ်နှစ်ပြီး ကစားရတဲ့ ကစားနည်းဖြစ်လို့ မျိုးဆက်သစ်များ လေ့လာလိုက်စား တန်ဖိုးထား ကစားကြဖို့ တိုက်တွန်းချင်ပါတယ်။

မြန်မာစစ်တုရင် ကစားခြင်းသည် စိတ်ဓာတ်ခွန်အားကိုဖြစ်စေပြီး ဉာဏ်ရည်တိုးတက်မြင့်မားမှုကိုပါ အထောက်အကူပြုသော ကစားနည်းဖြစ်သကဲ့သို့ မြန်မာတို့၏ ရိုးရာစစ်စစ် ကစားနည်းလည်းဖြစ်သဖြင့် ပြန်လည်ဖော်ထုတ်သူများ၊ လေ့လာလိုက်စား ကစားသူများ၊ ဂုဏ်ယူစွာ ဖော်ထုတ်ကစားသူများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်နှင့် ကစားသူဦးရေ ပိုမိုတိုးတက်များပြားလာစေရန် ရည်သန်လျက် တွေ့ဆုံမေးမြန်း မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။

စာကြည့်တိုက် နှစ်ပတ်လည် စာစီစာကုံးပြိုင်

သထုံ ဇန်နဝါရီ ၂၂

မွန်ပြည်နယ် သထုံမြို့ သိမ်ဆိပ်တိုက်နယ် လင်းရောင်နီဦး စာကြည့်တိုက်၏ (၃) နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ စာကြည့်တိုက် နာယက ဦးသက်အောင်က အမှာစကားပြောကြားပြီးနောက် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက စာကြည့်တိုက်ကိုစံ(၅) ရပ်နှင့်အညီ ရေရှည်တည်တံ့နိုင်ရေး ဆွေးနွေးပြောကြားပြီး ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်က နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားကာ ၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်သည်။

သက်ဦး (သထုံ)

ဖောင်းပါးနှင့် နယ်သတင်း

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာစုစုပေါင်း ၄၇၇၂ ရွာအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားအကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် လူထုနှင့်အနီးကပ်ထိတွေ့ဆက်ဆံရသူများဖြစ်၍ အောက်ခြေအဆင့်ဆင့်ကတင်ပြသော လိုအပ်ချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် သောက်သုံးရေရရှိရေး၊ ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းများဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၉ ငါးရံ့ချောင်းကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက် ဓမ္မဗိမာန်၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ဆွေးနွေးမှာကြားသည်။

ထို့ပြင် ရွေးချယ်ခံထားသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်များသည် ရပ်ရွာအပေါ် စေတနာထား၍ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြပြီး ပြည်သူများအပေါ် ရင်းနှီးပွင့်လင်းစွာဖြင့် ဆက်ဆံသွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ကိစ္စရပ်များ ရှောင်ရှားရမည်ဖြစ်ကြောင်း၊ အခက်အခဲများကိုလည်း တင်ပြကြရန်နှင့် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ၂၁ မိုင်ကျေးရွာ အမြင်သစ် စာကြည့်တိုက်ခန်းမ၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖနှင့် ပြည်သူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ယာဉ်အန္တရာယ် စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ယာဉ်အန္တရာယ်ကင်းဝေးစေရေးကို လူတိုင်းက အလိုရှိသလို တာဝန်ရှိသူအသီးသီးတို့ကလည်း အများပြည်သူများ လိုလားတောင့်တသည့်အတိုင်း ကြပ်မတ်စစ်ဆေးအရေးယူခြင်းနှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ပေးလျက်ရှိသော်လည်း စည်းကမ်းမလိုက်နာသူအချို့ကြောင့် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

ရောဝတီတံတား(ရတနာပုံ)ပေါ်တွင် စစ်ကိုင်း၊ ရွှေဘို၊ မုံရွာဘက်မှလာသော မော်တော်ယာဉ်များ၊ ဆိုင်ကယ်နှင့် အနေးယာဉ်များ၊ မန္တလေးဘက်သို့သွားရန် အသွားအပြန် လမ်းကြောင်း သတ်မှတ်ပေးထားပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်(ကန်ပတ်လမ်း)ဘက်မှ စစ်ကိုင်းဘက်သို့ တံတား အတက်လမ်း သတ်မှတ်ပေးထားသော်လည်း စည်းကမ်းမဲ့မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် အနေးယာဉ် စက်ဘီးများသည် သတ်မှတ်ပေးထားသည့် လမ်းကြောင်းအတိုင်း မသွားဘဲ အတက်လမ်းတွင် ဆင်းနေကြသည့်အတွက် အတက်လမ်းသို့ အရှိန်ဖြင့် မောင်းနှင်လာသည့် ယာဉ်များနှင့် ထိပ်တိုက်ရင်ဆိုင်မိပါက ယာဉ်တိုက်မှု ဖြစ်နိုင်ပါသည်။ သို့ပါ၍ ယာဉ်မတော်တဆမှု ကင်းဝေးရေးအတွက် ယာဉ်မောင်းသူများဘက်မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် လိုအပ်သလို သက်ဆိုင်ရာမှလည်း "ယာဉ်မဝင်ရ" ဆိုင်းဘုတ်စိုက်ထူထားပြီး ကြပ်မတ်စစ်ဆေးအရေးယူရန် လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

(၁၃၇)

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့

ကြားသိစေသည့်အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၂ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄၃၀

ချိုက်စွပ်ဝေ(၎င်း၏အထွေထွေ	**နှင့်**	ယူစွပ်(ဖ်)
ကိုယ်စားလှယ်စာရသူ		အမှတ် ၃၇၊ သုံးထပ်(တတိယထပ်)
ဦးထွန်းသိန်း)		၂၆လမ်း၊ အမှတ်(၁)ရပ်ကွက်၊
		ပန်းဘဲတန်းမြို့နယ်။
လျှောက်ထားသူ		**လျှောက်ထားခံရသူ**

၂၀၁၂ခုနှစ် စက်တင်ဘာ ၂၆ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၁၀၁/၂၀၁၂ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါ အမှုမှ လျှောက်ထားခံရသူ ယူစွပ်(ဖ်)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင် စာရင်းသွင်း၍ ပြင်ဆင်မှုကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၈ရက်(၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ ပြင်ဆင်မှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

တာမွေမြို့နယ်တရားရုံး

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၆၇

ဒေါ်ကြည်ကြည်အေး	**နှင့်**	ဦးနု ပါ-၂
တရားလို		**တရားပြိုင်များ**

အမှတ် ၇၉၊ ဓမ္မဝိဟာရလမ်း၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပြီး အရောင်းစာချုပ် မှတ်ပုံတင် ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက် (၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးဝင်းမင်းထွန်း(တ/၂၇၀၄)
ဒုတိယမြို့နယ်တရားသူကြီး(၁)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌

၂၀၁၂ခုနှစ် တရားမကြီးအမှုအမှတ်-၂၉၅

ဒေါ်မိချို	**နှင့်**	ဦးသန်းရွှေ ပါ-၅
တရားလို		**တရားပြိုင်များ**

အမှတ် ၉၅၆၊ ဝေဇယန္တာ ၁၃ လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ကိုဆန်းအေးနှင့် မတင်တင်ထွေး၊ အမှတ် ၅၁(မြေညီထပ်)၊ ၄၂ လမ်း(အောက်)၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြင့်မြင့်ကြည် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပိုင်ဆိုင်ခွင့်လွှဲပြောင်းရောင်းချခွင့်မရှိကြောင်း မြွက်ဟကြေညာပေးစေ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရင်ရင်သန်း)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၈၉

ဦးကျော်ထက်နိုင် **နှင့်**

၁။ ဒေါ်ခင်ရွှေ	၁၉။ ဒေါ်မေရီမြင့်
၂။ ဒေါ်ဘွဲ့အိန်း	၂၀။ ဒေါ်ကြင်ဆင့်
၃။ ဒေါ်စိုးစိုးမြင့်	၂၁။ ဒေါ်လှရွှေ
၄။ ဦးဘမြင့်	၂၂။ ဒေါ်ခင်နှင်းအေး
၅။ ဦးဆန်းမောင်	၂၃။ မောင်ရဲကျော်စွာ
၆။ ဒေါ်အန်ကြည်	၂၄။ ဦးမင်းအေး
၇။ ဦးဇော်မင်း	၂၅။ ဦးခင်မောင်ဦး
၈။ ဒေါ်အေးအေးခိုင်	၂၆။ ဦးအောင်မြင့်
၉။ ဒေါ်မိမိ	၂၇။ ဦးစိုးအောင်
၁၀။ ဒေါ်စုစု(ခ)ဒေါ်စုစုနိုင်	[တရားပြိုင်(၃)
၁၁။ ဦးစောသိန်းကြည်	ကိုယ်တိုင်နှင့် ကျန်
၁၂။ မသိန်းရွှေ	တရားပြိုင်များ၏
၁၃။ ဒေါ်တင်တင်	အခွင့်ရကိုယ်စားလှယ်
၁၄။ ဦးမောင်မောင်	ဒေါ်စိုးစိုးမြင့်]
၁၅။ မခင်မြင့်ရီ	၂၈။ ဒေါ်ခင်ကြည်
၁၆။ ဒေါ်မေရီ	၂၉။ ဒေါ်သန်းကြည်(ခ)
၁၇။ ဒေါ်ဝါ	ဒေါ်ငွေဇင်မျိုးဝေ
၁၈။ ဒေါ်ရှုရင်	၃၀။ ဒေါ်အေးခင်
	၃၁။ ငွေဖုန်ကုမ္ပဏီလီမိတက်

တရားလို **တရားပြိုင်များ**

တရားပြိုင်(၃)ကိုယ်တိုင်နှင့် ကျန်တရားပြိုင်(၁)မှ (၂၇)ထိတို့၏ အခွင့်ရကိုယ်စားလှယ် ဒေါ်စိုးစိုးမြင့်၊ အမှတ် ၃၄၂၊ ပထမထပ်၊ ကမ်းနားလမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ)(ယခုနေရပ်လိပ်စာမသိသူ)နှင့် တရားပြိုင်(၃၁)၊ ငွေဖုန်ကုမ္ပဏီလီမိတက်၊ အမှတ် ၄၅၊ အခန်း ၂၂၊ စတုတ္ထထပ်၊ ဗဟိုစည်အိမ်ရာ၊ အမှတ်(၁၀)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ)(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့

ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံးတော်၌
၂၀၁၂ခုနှစ် တရားမအယူခံမှုအမှတ်-၁၄၃

မဝတ်မှုန် **နှင့်** ကိုကျော်ဖြိုးထွန်း
အယူခံတရားလို **အယူခံတရားပြိုင်**

၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၁ ရက်စွဲပါ တာမွေမြို့နယ်တရားမရုံးတော်မှ တရားမကြီး ၃၉/၂၀၁၂ ကို အယူတော်ခံမှု။

လမ်းဆုံ၊ ပေါ်ဦးရပ်၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အယူတော်ခံတရားပြိုင် ကိုကျော်ဖြိုးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် တာမွေမြို့နယ်တရားမရုံးတော်က ချပေးသည့်ဒီကရီကို မဝတ်မှုန်က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံစာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၈ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပဲခူးနယ်တရားမရုံးတော်၌
ပဲခူးခရိုင်တရားရုံး ၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၅ နှင့်ဆက်သွယ်သည့်
၂၀၀၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၆၁

မန်နေဂျာ **နှင့်** ၁။ဦးတင့်လွင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဝင်းငွေ
ပဲခူးမြို့။
ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ် ၃၆၈၊ ၃၆၉၊ ၃၇၁၊ နွယ်သာကီလမ်း၊ (၃)ရပ်ကွက်၊ ရပ်ကွက်ကြီး (၇)၊ ဥသာမြို့သစ်၊ ပဲခူးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၅တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၇၄ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေယု)
မြို့နယ်တရားသူကြီး
ပဲခူးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၀၁၈/ခ၊ မြေကွက်တည်နေရာအမှတ် (၁၀၁၈/ခ)၊ ၁၇လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးလှသောင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှသောင်း ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းမြင့် ၁၂/ဥကတ(နိုင်)၁၁၁၃၃၇ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ နှင်းဆီလမ်း၊ (ယုဇနပလာဇာအနီး)၊ တိုက်(၁၀)၊ (၇)လွှာ၊ အခန်း(၁၈/၁၉) **(MEDI POWER COMPANY LIMITED)** ၏ ကိုယ်စား၊ အဆိုပါကုမ္ပဏီ၏ Accountant ဒေါ်အိသဇင်ဆန်း (၁၂/မရက(နိုင်)၁၃၇၁၁၄)က အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏မူပိုင်အမှတ်အသားအဖြစ် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

OralCare

(IV - ၁၀၅၇၅/၁၇-၉-၂၀၁၂)

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ကုမ္ပဏီမူပိုင်အဖြစ်အသုံးပြု၍ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပစ္စည်းများ၊ ဆေးခန်းသုံးပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားရန် ကုမ္ပဏီမှ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်သော စာရွက်စာတမ်းများ၊ ကြော်ငြာအမျိုးမျိုးနှင့်၊ ကြော်ငြာဆိုင်းဘုတ်၊ Online, Internet တို့အပါအဝင် စက္ကူအိတ်၊ စက္ကူဘူး၊ ပလတ်စတစ်အိတ်၊ ပလပ်စတစ်ဘူး၊ ပါဆယ်ထုတ်၊ စက္ကူကတ်ထူသေတ္တာ၊ ထင်းရှူးသေတ္တာ စသည့်ထုတ်ပိုးပစ္စည်းများနှင့် ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဘလောက်တုံး၊ လက်ကမ်းကြော်ငြာ၊ နံရံကပ်ကြော်ငြာ၊ စာရေးစက္ကူခေါင်းစည်း၊ ရောင်ပြန်စက္ကူ စာရွက်တို့တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အောက်ခံဒီဇိုင်းအမျိုးမျိုးပြုလုပ်၍ ဖိနှိပ်၍ ရိုက်နှိပ်၍ ကပ်နှိပ်၍ အသုံးပြုဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

ယခုအခါ ဈေးကွက်တွင် မိမိတို့ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်ကို တုပသုံးစွဲ၍ ဖြန့်ဖြူးရောင်းချမှုများပြုလုပ်နေကြောင်း သိရှိရသဖြင့် အမြန်ဆုံးရပ်သိမ်းပေးပါရန်နှင့် အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ပုံတူပုံမှားဖြစ်စေရန် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ကုမ္ပဏီ၏နစ်နာမှုအတွက် တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမျိုးဝင်းသန်း(စဥ်-၃၁၈၁၁)	ဦးမျိုးအောင်(စဥ်-၆၂၈၈)
ဒေါ်ခင်မြတ်ချို(စဥ်-၂၆၇၈၂)	တရားလွှတ်တော်ရှေ့နေ
အ ထက် တန်း ရှေ့ နေ များ	၉/၁၁၊ ဒုတိယထပ်၊ အခန်း(၂၀၃-စီ)
	၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
	ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၁၆၄၃၉

ကန့်ကွက်နိုင်ပါသည်

သန်လျင်မြို့၊ ကွင်းအမှတ် ၂၆၊ ဦးပိုင်အမှတ်(၇၀/က) ဒေါ်ခင်ခင်စိန် အမည်ပေါက် ပေ(၅၀×၇၀)ရှိ အမှုထမ်းရပ်ကွက်၊ ဘဏ်လမ်း၊ အိမ်အမှတ် ၂၉ ဟုခေါ်တွင်သော နေအိမ်အပါအဝင် မြေကွက်တို့ကိုလက်ရှိပိုင်ဆိုင်သူ ဒေါ်သန်းသန်းငွေး ၁၂/သကတ(နိုင်)၀၇၄၇၅၃ ထံမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး အိမ်နှင့်ခြံ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှ LL.B၊ ဒေါ်နှင်းထက်ထက်နိုင် LL.B

ဖုန်း-၀၉-၄၃၀၇၃၄၂၆

ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေး လုပ်ငန်းအမည် အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်

အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် (၅၄/ပထမထပ်)နေ **ရွှေစွမ်းအား နည်းပညာကုမ္ပဏီလီမိတက် (Golden Power Technology Company Limited)** ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၁၆/၂၀၀၃-၂၀၀၄) ကုမ္ပဏီပိုင်ရှင် ဦးသန့်ဇင်ထွေး ၁၂/သဃက(နိုင်)၀၀၀၈၄၇၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

GPT

မှတ်ပုံတင်မှတ်-၄/၁၃၅၇၃-၂၀၁၂

အထက်ဖော်ပြပါ ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းဝယ်ဖြန့်ချိရေးလုပ်ငန်း အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၁၃၅၇၃-၂၀၁၂)အရ တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်သုံးစွဲနိုင်ရန်အတွက် တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းဝယ်ဖြန့်ချိရေးအမည် အမှတ်အသားဖြင့် ရန်ကုန်မြို့တွင် ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်၍ တည်ထောင်လုပ်ကိုင်ခဲ့ပြီး စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ စတေကာ၊ ငွေပြေစာဖြတ်ပိုင်းအစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါ အမည်အမှတ်အသားကို အရောင်မျိုးမျိုး၊ ပုံသဏ္ဍာန်အရွယ်အစားအမျိုးမျိုး ရိုက်နှိပ်၍ ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍အထက်ပါ ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုး ဖြန့်ချိရေးအမည် အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊အများကဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲအသုံးပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းများအရဖြစ်စေ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးသန့်ဇင်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင် LL.B	**ဦးမောင်မောင်ဦး B.A, H.G.P, R.L**
(စဥ်-၆၀၃၅)	**(စဥ်-၄၂၆၀)**

တရားလွှတ်တော်ရှေ့နေများ

ဦးဇော်ထူးမြတ် LL.B,D.B.L,D.M.L	**ဒေါ်ကေခိုင်စိုး LL.B,D.B.L**
(စဥ်-၃၂၈၇၆)	**(စဥ်-၃၁၂၅၃)**
ဦးဇော်ရဲပိုင် LL.B	**ဒေါ်မြင့်မြင့်ဝင်း LL.B**
(စဥ်-၄၀၃၄၈)	**(စဥ်-၃၅၅၈၆)**

အထက်တန်းရှေ့နေများ

တိုက် ၅၅၊ အခန်း ၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကွန်ပျူတာနှင့် ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းမျိုးစုံဖြန့်ချိရေး လုပ်ငန်းတံဆိပ်အမည်နှင့်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ်

အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် (၅၄/ပထမထပ်)နေ **ရွှေစွမ်းအား နည်းပညာကုမ္ပဏီလီမိတက် (Golden Power Technology Company Limited)** ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၁၆/၂၀၀၃-၂၀၀၄)ကုမ္ပဏီ ပိုင်ရှင် ဦးသန့်ဇင်ထွေး ၁၂/သဃက(နိုင်)၀၀၀၈၄၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

GPT 12-13-14

မှတ်ပုံတင်အမှတ်-၄/၁၃၅၇၂-၂၀၁၂

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားသည် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၁၃၅၇၂-၂၀၁၂)အရ တစ်ဦးတည်းမူပိုင် အဖြစ် တရားဝင်သုံးစွဲနိုင်ရန်အတွက် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ တံဆိပ်အမည်အမှတ်အသားသည် ကွန်ပျူတာနှင့်ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုး ဖြန့်ချိရေးလုပ်ငန်းတံဆိပ်အမည် အမှတ်အသားဖြစ်ပါသည်။ အဆိုပါ တံဆိပ် အမည်အမှတ်အသားဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်ကာ ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ကွန်ပျူတာနှင့်ကွန်ပျူတာအစိတ်အပိုင်း ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချရာ၌ အသုံးပြုသည့် စာရွက်စာတမ်းများ၊ စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ ရောင်ပြန် စတေကာ တံဆိပ် အစရှိသည်တို့အပေါ်တွင်လည်းကောင်း ဖော်ပြပါ ဖြန့်ချိရေးတံဆိပ် အမည်အမှတ် အသားကို အရောင်မျိုးမျိုး၊ ပုံသဏ္ဍာန်အရွယ်အစားအမျိုးမျိုး ရိုက်နှိပ်ပြုလုပ် ဖြန့်ချိရောင်းချ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍အထက်ပါ တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်သုံးစွဲအသုံးပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းများအရဖြစ်စေ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးသန့်ဇင်ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင် LL.B	**ဦးမောင်မောင်ဦး B.A, H.G.P, R.L**
(စဥ်-၆၀၃၅)	**(စဥ်-၄၂၆၀)**

တရားလွှတ်တော်ရှေ့နေများ

ဦးဇော်ထူးမြတ် LL.B,D.B.L,D.M.L	**ဒေါ်ကေခိုင်စိုး LL.B,D.B.L**
(စဥ်-၃၂၈၇၆)	**(စဥ်-၃၁၂၅၃)**
ဦးဇော်ရဲပိုင် LL.B	**ဒေါ်မြင့်မြင့်ဝင်း LL.B**
(စဥ်-၄၀၃၄၈)	**(စဥ်-၃၅၅၈၆)**

အထက်တန်းရှေ့နေများ

တိုက် ၅၅၊ အခန်း ၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာလမ်း၊ တိုက်အမှတ်(၁၆)၊ (ငါးလွှာ)(B)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းကို လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစည်သူသိန်း ၁၂/လမန(နိုင်)၀၃၉၆၀၈ ထံမှ ကျွန်မ ဒေါ်မိုးစန္ဒာမြင့်က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ၁၆-၁-၂၀၁၃ ရက်တွင် ပေးချေထားပြီးဖြစ်သည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးစန္ဒာမြင့်
၁၂/မရက(နိုင်)၀၃၈၆၄၀
ခြံအမှတ် ၆၈(A)၊ သမာဓိ ၆လမ်း၊
(၈)ရပ်ကွက်၊ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၁-၆၆၀၆၄၂၊ ၀၉-၅၀၀၅၃၂၃

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက် ရပ်ကွက်၊ ရန်ကင်း/ ရန်ရှင်းလမ်း၊ အမှတ်(၄၀)အေဟုခေါ်တွင်သော အိမ်၊ခြံ၊မြေ သီးပင်စားပင်အပါအဝင် အိမ်သုံးမီတာနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ (၁)ဒေါ်စန်းရွှေ (၁၂/စခန(နိုင်)၀၄၀၇၆၂) (၂)ဒေါ်ခင်မာချို (၁၂/စခန(နိုင်)၀၄၀၆၃၇) (၃)ဒေါ်အေးအေးချို (၁၂/စခန(နိုင်)၀၄၀၇၃၈) (၄)ဦးအေးစန်း (၁၂/စခန(နိုင်)၀၄၀၉၃၉) အထက်ပါ(၄)ဦးက တရားဝင်ပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ ဦးရာမူး(၁၂/စခန(ဧည့်)၀၀၀၁၂၃)မှ ဝယ်ယူရန်သဘောတူသည့်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အောက်ပါလိပ်စာ အတိုင်း ခိုင်လုံသည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်တကွ လူကိုယ်တိုင် လာရောက်၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ သည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စများအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဦးရာမူးအမှတ်(၄၈)၊ရန်ကြီးအောင်လမ်း၊မုန့်/မြောက်ရပ်ကွက်၊စမ်းချောင်းမြို့နယ်

ကြော်ငြာ

ရောင်းသူပျော်ဝယ်သူစိတ်ချမ်းသာစေပြီး အထက်မြန်မာပြည်မန္တလေးမြို့၏ ၂၀၁၃ တွင် စံချိန်တင်ရောင်းအားကောင်းမည့် အဆင့်မြင့် ကုန်စည်ပြပွဲနှင့် ကားပြပွဲကြီး

MANDALAY EXHIBITION & CAR SHOW 2013

မန္တလေး ကုန်စည်ပြပွဲကြီးနှင့် ကားပြပွဲကြီး

(၁၄ - ၂ - ၂၀၁၃) မှ (၁၇ - ၂ - ၂၀၁၃) အထိ၊ နံနက် (၉း၀၀) နာရီမှ ည (၉း၀၀)နာရီ အထိ မန္တလေးမြို့တော်ခန်းမ (၁)၊ မန္တလေးမြို့။

ပြခန်းစုံစမ်းရန်၊ မြန်မာအနော်ရထာ ကုမ္ပဏီလီမိတက် - 09 5195878, 09 73733737, 09 8633662, 09 421058866, 09 73555575

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့နေ
ဦးအင်ထန်း [ဦးစီးအရာရှိ-ငြိမ်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန]-ဒေါ်ရွှေမွေးတို့၏သား

မောင်မောင်အေး

B.E (Electrical) M.I.T, Master of Engineering Management (Coventry University, UK) (DIRECTOR-"RACER" International Engineer Diploma Institute)

နှင့်

မန္တလေးမြို့၊ အမှတ် (၁၇၂)၊ ၂၇လမ်း၊ ၈၁×၈၂လမ်းကြားနှင့်
မိတ္ထီလာမြို့၊ စက်မှုဇုန်အမှတ်(၃)လမ်းမကြီး၊ ခြံအမှတ်(J-5)နေ
ဟာဂျီဦးတင်စန်း-ဟာဂျီမဒေါ်စောငြိမ်း တို့၏သမီးဦး

မငြိမ်းပပစန်း

B.Sc (Hons:), M.Sc (Maths:)
(PRINCIPAL-"RACER" International Engineer Diploma Institute)

